# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ ၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၉၇)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ကူးပြောင်းရေးအတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်နှင့်အညီ အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုပေးခဲ့ပြီး ဖြစ်သည်။ ယခုနှစ်တွင် ရွေးကောက်ပွဲများကို စနစ်တကျ ကျင်းပရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ-

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကျင်းပသည့် နေပြည်တော် မြို့တော်ခန်းမသို့ ညနေဖနာရီခွဲတွင် ရောက်ရှိလာကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တို့နှင့်အတူ *စာမျက်နှာ ၃ ကော်လံ ၁* ✻



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တည်ခင်းဧည့်ခံသည့် ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)


**မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း**

လှိုင်ဘွား(ပါရမီ) ၏ သတင်းဆောင်းပါး စာ-၈၊ ၉၊ ၁၀ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၅ ရက်)

# ခေတ်မီအာကာသသိပ္ပံပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး မျိုးဆက်သစ်လူငယ်များ တီထွင်ကြံဆကြိုးပမ်း

ယနေ့မျိုးဆက်သစ်လူငယ်များသည် သိပ္ပံနှင့်ဝိဇ္ဇာ ပညာရပ်များ၊ နည်းပညာရပ်များ ဖွံ့ဖြိုးရေးအတွက် အခြေခံကျသော စွမ်းအားရှင်များ ဖြစ်ကြသည်။ မျိုးဆက်သစ်လူငယ်များ နိုင်ငံတကာနှင့်ရင်ပေါင်တန်းကာ အာကာသသိပ္ပံပညာရပ်များတွင် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ခေတ်မီနက္ခတ်တာရာပြခန်းကို နေပြည်တော်တွင် ဖွင့်လှစ်ပြသထားသည်။

ကမ္ဘာပေါ်တွင် ခေတ်မီနက္ခတ်တာရာပြခန်း တည်ဆောက်နိုင်သည့် နိုင်ငံများစွာမရှိသေးဘဲ ယနေ့အထိ နက္ခတ်တာရာပြခန်း စုစုပေါင်း ၃၀၀ ကျော်ခန့်မျှသာ ရှိသေးသည်။ ခေတ်မီနည်းပညာနှင့် အဆင့်မြင့်ဒစ်ဂျစ်တယ်သုံး စက်ကိရိယာများ တပ်ဆင်နိုင်သော နက္ခတ်တာရာပြခန်းများကို ဖွံ့ဖြိုးပြီး နိုင်ငံအချို့၌သာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။

နက္ခတ်တာရာပြခန်း(နေပြည်တော်)သည် ဒီဇိုင်းပုံစံနှင့် အဆောက်အအုံတည်ဆောက်မှုအားလုံးမှာ တိုင်းရင်းသား အင်ဂျင်နီယာများ၏ ကြိုးပမ်း အားထုတ်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာတို့၏ အဆင့်အတန်းမြင့်သော စီမံခန့်ခွဲမှု၊ အင်ဂျင်နီယာပညာရပ်၊ စိတ်တူကိုယ်တူဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများကို အကြံပေးအတိုင်ပင်ခံပညာရှင်၊ နှစ်ပေါင်း၃၀ကျော် နက္ခတ်တာရာပြခန်းတည်ဆောက်ရေး အတွေ့ အကြုံရှိသူ ပြင်သစ်နိုင်ငံသားပညာရှင်နှင့် နိုင်ငံတကာ နက္ခတ်ဗေဒ သိပ္ပံပညာရပ်ဆိုင်ရာအဖွဲ့ဝင် စင်ကာပူနိုင်ငံသား အကြံပေးပညာရှင်တို့ကပင် အထင်ကြီးလေးစားမှုခံယူရသည်အထိ အံ့သြချီးမွမ်း ခံခဲ့ရသောနိုင်ငံ၏ဂုဏ်ကို ဖော်ထုတ်ပြသနိုင်သည့်နိုင်ငံ့ဂုဏ်ဆောင် ပြယုဂ်တစ်ခုပင်ဖြစ်သည်။

နက္ခတ်တာရာပြခန်း(နေပြည်တော်)တွင် နက္ခတ်တာရာသိပ္ပံဆိုင်ရာ ဗဟုသုတများပေးစွမ်းနိုင်သော ဂြိုဟ်၊ လ၊ ကမ္ဘာအကြောင်း၊ ဂလက်ဆီ များအကြောင်း၊ နက္ခတ်တာရာပြစက်များဖြင့် ပြသသည့် အာကာသမြင်ကွင်းများ၊ ရေအောက်ကမ္ဘာမြင်ကွင်းများ၊ မြန်မာ့အလှသဘာဝရှုခင်းများ ပြကွက်များကို စိတ်ဝင်စားဖွယ် ခင်းကျင်းပြသထားသည်။

ခေတ်မီနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မျက်မှောက်ကာလတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းအမီလိုက်နိုင်ရန်အတွက် ယနေ့မျိုးဆက်သစ်လူငယ်များက အာကာသသိပ္ပံပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းတီထွင်ကြံဆကြပြီး နိုင်ငံတော်အတွက် အကျိုးရှိစွာ အသုံးချသွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၅-၁-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ ပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လျှပ်တစ်ပြက်
၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၅။ အင်္ဂလိပ်စာသုတ
၄း၄၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ ကလေးတို့ကမ္ဘာ
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ**(အပိုင်း-၇)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မွေးမြူသုတ
၂၀။ ဟာသရုပ်စုံ
၂၁။ ဗွီစီဒီကျော်ကြားတေး
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၈)



## (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု ရွှေတောင်-ရွှေနတ်တောင် ကတ္တရာအဆင့်မြင့် လမ်းဖွင့်

ရွှေတောင် ဇန်နဝါရီ ၄

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ရွှေတောင်-ရွှေနတ်တောင် ကတ္တရာ အဆင့်မြင့်လမ်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ရက် နံနက် ၇နာရီက ရွှေနတ်တောင်လမ်းရှိ လမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

### ဖွင့်လှစ်

အခမ်းအနားတွင် လမ်းနှင့် ပတ်သက်သည်များကို ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိမှ ရှင်းလင်း၍ လမ်းဖွင့်ပွဲအထိမ်းအမှတ် အလံများပေးအပ်ခဲ့ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးဟန်ရှိန်၊ ရွှေနတ်တောင် ဘုရားဂေါပကဥက္ကဋ္ဌ ဦးလှထွန်းမြင့်တို့က ရွှေနတ်တောင် ကတ္တရာ အဆင့်မြင့်လမ်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

### လှည့်လည်ကြည့်ရှု

ယင်းနောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် အဖွဲ့ဝင်များက လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

### ဆက်သွယ်

အဆိုပါ ရွှေတောင်-ရွှေနတ်တောင် ကတ္တရာအဆင့်မြင့်လမ်းသည် ၄မိုင် × ၁၂ပေ ရှိပြီး ရွှေတောင်မြို့နှင့် ကျေးရွာအုပ်စု ကိုးအုပ်စုတို့အား ဆက်သွယ်ထားသည့် လမ်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲ ပြိုင်ပွဲ၊ စံပြမိခင်နှင့် လွတ်လပ်ရေးနေ့ မောင်မယ်ပြိုင်ပွဲကို ဇန်နဝါရီ ၂ရက်က နေပြည်တော်တပ်ကုန်း မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အသင်းရုံး၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်နှင့်အဖွဲ့ ပြိုင်ပွဲဝင်ကလေးများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ပေါင်ချိန်စစ်ဆေးစဉ်။ (ဝ၉၁)



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၁-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **ပညတ်၊ ပရမတ်တွဲစပ်ယှဉ် မန္တြိမပဋ္ဌိပဒါအမြင်** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိ သာရ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၈း၃၀ Sports World (Planet Speed)
၈း၅၅ နိုင်ငံ့စီးပွားအလေးထား စိုက်ပျိုးစွမ်းအား မြှင့်တင်သွား
၉း၀၅ Activities in the City (OK Myanmar Co., Ltd. Branded Showroom ဖွင့်ပွဲအခမ်းအနား)
၉း၂၅ Sunday Talk
၁၀း၃၀ KOSE ရဲ့ ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ
၁၀း၅၀ ၂၀၀၉-၂၀၁၀ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ
၁၁း၁၀ Cartoon Show Time(9)
၁၁း၅၀ တောက်ပနေသောမျက်ဝန်းများနှင့် ပီတိဖြစ်ဖွယ် မြင်ကွင်းများ
၁၂း၁၀ မဲခေါင်မြစ်ဝှမ်းဒေသ လူကုန်ကူးခံရခြင်း နှင့် ပတ်သက်သောဖြစ်ရပ်မှန်များ (MTV Exits)
၁၂း၃၅ ကွင်းမြေနမူနာထုတ်ယူခြင်းမှ ရရှိလာသော မြေနမူနာများအား ဓာတ်ခွဲစမ်းသပ်ခြင်း
၁း၀၀ **ပညတ်၊ ပရမတ်တွဲစပ်ယှဉ် မန္တြိမပဋ္ဌိပဒါအမြင်** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ Fashion Music Festival Pop ကမ်းခြေ(၁)
၃း၃၀ မမေ့နိုင်စရာ... ရှမ်းရိုးရာအစားအစာ
၃း၅၀ KOSE ရဲ့ ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ
၄း၀၀ World of Knowledge (Ice Land & Green Land )
၄း၄၅ Activities in the City (OK Myanmar Co., Ltd. Branded Showroom ဖွင့်ပွဲအခမ်းအနား)
၅း၀၅ နိုင်ငံ့စီးပွားအလေးထား စိုက်ပျိုးစွမ်းအား မြှင့်တင်သွား
၅း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Appeton Wellness/60+ မိတ်ဆက်ပွဲ)
၅း၃၀ Celebrity Style (အဆိုတော်ရဲလေးနှင့် တွေ့ဆုံခြင်း)
၆း၀၀ MRTV-4 သတင်း
၆း၂၀ Cartoon Show Time(9)
၇း၀၀ Fashion Music Festival Pop ကမ်းခြေ(၁)
၇း၄၅ စိမ်းသည့်မြေ
၈း၀၀ MRTV-4 သတင်း
၈း၃၀ သင်ကြားရေးလမ်းညွှန် (Fancy House)
၉း၀၅ Celebrity Style (အဆိုတော်ရဲလေးနှင့် တွေ့ဆုံခြင်း)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၀း၀၀ ဟိုတယ်လမ်းညွှန် (The Strand)
၁၀း၃၀ ရန်ကုန်မြင်ကွင်းကျယ် (Appeton Wellness/60+ မိတ်ဆက်ပွဲ)
၁၀း၄၀ အဆုံးအဖြတ် ခန့်စည်သူ၊ အေးမြတ်သူ၊ ငှက်ပျောကြော်၊ မျိုးမျိုးခိုင်၊ ကျင်ဝှက်၊ သိန်းဇံ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၀း၅၅ Omega-3 Fatty acids
၁၁း၁၅ သစ်တောများမပြုန်းတီးစေရာ စွမ်းအားမြှင့် အေဝမ်းမီးဖိုထုတ်လုပ်ရာ
၁၁း၃၀ ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက်လွန်စွဲမက်
၁၁း၄၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Barclays Premier League ဘောလုံးပွဲစဉ်**

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၁၀ | Stoke - Fulham | ESPN (Live) |

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

*နေပြည်တော် ဇန်နဝါရီ ၄*

*မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Twinza Oil (Asia) Limited သည် တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် Yetagun East Block (YEB) တွင် Geophysical Site Investigation Survey (GSI) တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV R. Koong-2 ဖြင့် ဇန်နဝါရီ ၅ရက်မှ ဇန်နဝါရီ ၂၅ရက်အထိ လည်းကောင်း၊ Geotechnical Investigation Survey (GTI) တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Volans ဖြင့် ဇန်နဝါရီ ၃၁ရက်မှ ဖေဖော်ဝါရီ ၂၀ရက်အထိလည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်သည်။*

*Geophysical Site Investigation Survey (GSI)နှင့် Geotechnical Investigation Survey (GTI)တိုင်းတာဆောင်ရွက်မည့် တည်နေရာဧရိယာများမှာ Point-A မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၁၁မိနစ် ၃၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၅၉မိနစ် ၀၀စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၁၁မိနစ် ၃၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၆မိနစ် ၃၀စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၅၄မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၆မိနစ် ၃၀စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၅၄မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၅၉မိနစ် ၀၀ စက္ကန့်အတွင်းတွင် ဖြစ်သည်။*

*သို့ဖြစ်ပါ၍ တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် Yetagun East Block (YEB) တွင် Geophysical Site Investigation Survey (GSI) တိုင်းတာရေးလုပ်ငန်းကို တိုင်းတာရေးရေယာဉ် MV R. Koong-2 ဖြင့်လည်းကောင်း၊ Geotechnical Investigation Survey (GTI) တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Volans ဖြင့်လည်းကောင်း ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။*

*(သတင်းစဉ်)*

# ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များနှင့် ၎င်းတို့၏ဇနီး၊ ခင်ပွန်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

*✳ ရှေ့ဖုံးမှ*

အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Robert Chua Hian Kong ဦးဆောင်သော သံတမန်များနှင့် ၎င်းတို့၏ဇနီး၊ ခင်ပွန်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

## ညစာစားပွဲတက်ရောက်

အဆိုပါ ၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နေပြည်တော် မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ဇနီးနှင့်ခင်ပွန်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ဖျော်ဖြေတင်ဆက်

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့် ညှော်ခံဖျော်ဖြေ တင်ဆက်ကြသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့ သဝဏ်လွှာများ ပေးပို့ကြသည်-**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းထံမှ သဝဏ်လွှာပေးပို့ရာတွင် တရုတ်ပြည်သူများအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်နှင့်တကွ မြန်မာနိုင်ငံသားအားလုံးကို ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်း ဆက်သပါကြောင်း၊ တရုတ်နှင့်မြန်မာနှစ်နိုင်ငံတို့သည် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးနားချင်းနိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံပြည်သူများအကြား ဆွေမျိုးပေါက်ဖော်များကဲ့သို့ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများ ရှိနေကြကြောင်း၊ တရုတ်နှင့်မြန်မာနှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုကြောင့် အကျိုးရလဒ်များရရှိကာ ဘက်စုံ၊ ကဏ္ဍစုံတွင် တိုးတက်မှုများ ဖြစ်ထွန်းလျက်ရှိပါကြောင်း၊ အိမ်နီးချင်းကောင်းပီသသည့် ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများကို အခြေခံသော ပူးပေါင်းဆောင်ရွက်မှုများသည် မိမိတို့နှစ်နိုင်ငံပြည်သူများ၏ အခြေခံအကျိုးစီးပွားများနှင့် ဒေသတွင်းတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းသာယာရေးတို့အပြင် ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း များစွာအထောက်အကူပြုပါကြောင်း၊ တရုတ်နှင့်မြန်မာ သံတမန်ဆက်သွယ်မှုသည် နှစ်(၆၀)ပြည့်မြောက်ခဲ့ပြီးဖြစ်ရာ တရုတ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေသည့် တရုတ်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို နယ်ပယ်ကဏ္ဍစုံတွင် တိုးမြှင့်ဆောင်ရွက်ရန်အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး အဆွေတော်နှင့် မြန်မာနိုင်ငံသားအားလုံး ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ထံမှ သဝဏ်လွှာပေးပို့ရာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအပေါ်အခြေခံပြီး နယ်ပယ်စုံ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်နှင့်မြန်မာနှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်နေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရန်ကျဲချီထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

## ထိုင်းနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာနိုင်ငံသားအားလုံး ချမ်းမြေ့ကြစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း၊ မြန်မာနိုင်ငံသားများ ကြီးပွားတိုးတက်စေရန်နှင့် အဆွေတော်ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအဘီဆစ်ဝဲချာချီဝထံမှ သဝဏ်လွှာပေးပို့ရာတွင် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့သည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့ အိမ်နီးချင်းနှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးတက်ကောင်းမွန်စေရန် ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အကောင်အထည်ဖော် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာဆစ်ပီရိုးမြထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

## ဘရူနိုင်းဒါရုဆလမ်နိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒူလာထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံသားအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ အာဆီယံအဝန်းအဝိုင်းအတွင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို နီးနီးကပ်ကပ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒူလာထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ဆက်လက်ဖြစ်ထွန်းရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး မင်းသား မိုဟာမက်ဘိုလ်ကီးယားထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ ။

**(ဆက်လက်ဖော်ပြပါမည်)**

# (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို နေပြည်တော်ရှိ မြို့နယ်များ၌ ယနေ့နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

## ကြည့်ရှုအားပေး

အဆိုပါ(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ခရိုင်၊ မြို့နယ်များရှိ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများ၌ ကျင်းပကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုများချီးမြှင့်ကြသည်။

(သတင်းစဉ်)

**(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ခရိုင် မြို့နယ်များရှိ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ကျင်းပစဉ်။**

(သတင်းစဉ်)



# မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဟောပြောပွဲ အာရှပလာဇာဟိုတယ်၌ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၄**

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒါရိုက်တာကြည်စိုးထွန်းက **စာပေနှင့် ရုပ်ရှင်ခရီး** (Literature & Motion Picture) ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ဇန်နဝါရီ ၇ ရက် (ကြာသပတေးနေ့) ညနေ၄နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆိပ်ကမ်းသာ လမ်းထောင့်ရှိ အာရှပလာဇာဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

## ကျင်းပမည်

ဟောပြောပွဲသို့ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး ဟောပြောပွဲများကို လတစ်လ၏ပထမပတ် ကြာသပတေးနေ့တိုင်းတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၆နာရီတွင် နေပြည်တော်မြို့မဈေး အရှေ့ဘက်စုရပ်၌ ကျင်းပသော ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နေပြည်တော် အလွတ်တန်းမာရသွန်ပြိုင်ပွဲနှင့် ဝန်ထမ်းမိသားစုများအတွက် မီနီမာရသွန်ပြိုင်ပွဲတို့သို့ တက်ရောက်၍ သေနတ်ပစ်ဖောက်ကာ ပြိုင်ပွဲများကို တာလွှတ်ပေးသည်။**



## မီနီမာရသွန်ပြိုင်ပွဲ

နေပြည်တော်အလွတ်တန်း မာရသွန်ပြိုင်ပွဲတွင် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းအဆင့်ရှိသူများ၊ မီနီမာရသွန်ပြိုင်ပွဲတွင် ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် အောင်သူရ (ပြည်ထဲရေး)က ပထမ၊ ပက်ထရစ် (ပို့ဆောင်ရေး)က ဒုတိယနှင့် စိုးနိုင်(ကာကွယ်ရေး)က တတိယ၊ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် စောမာလာနွယ်(စီးပွား/ကူးသန်း)က ပထမ၊ ပပ (လယ်/ဆည်)က ဒုတိယနှင့် ကေခိုင်မျိုးထွန်း (စီးပွား/ကူးသန်း)က တတိယ၊ အမျိုးသားမီနီမာရသွန်ပြိုင်ပွဲတွင် ဇော်ထွန်း (ကာကွယ်ရေး)က ပထမ၊ အောင်ကိုဝင်း (ကာကွယ်ရေး)က ဒုတိယနှင့်အောင်နိုင်ဖြိုး (ကာကွယ်ရေး)က တတိယ၊ အမျိုးသမီးမီနီမာရသွန်ပြိုင်ပွဲတွင် ထက်ထက်တင် (လယ်/ဆည်)က ပထမ၊ အဲလေး (လယ်/ဆည်)က ဒုတိယနှင့် အိအိခိုင်(စီးပွား/ ကူးသန်း)က တတိယအသီးသီး ရရှိသွားကြသည်။

## ပိုက်ကျော်ခြင်းပြိုင်ပွဲ

ထို့နောက် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော် ဘော်လီဘောကွင်း၌ ကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲတို့၏ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ပထမ၊ အားကစားဝန်ကြီးဌာနအသင်းက ဒုတိယနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက တတိယ၊ လွန်ဆွဲ (အမျိုးသား)ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပထမ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အသင်းက ဒုတိယနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအသင်းက တတိယ၊ လွန်ဆွဲ (အမျိုးသမီး)ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပထမ၊ တရားရုံးချုပ်အသင်းက ဒုတိယနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းက တတိယ အသီးသီးရရှိသွားကြသည်။

## ပေးအပ်ချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသား၊ အမျိုးသမီး အလွတ်တန်း မာရသွန်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲတို့တွင် ဆုရရှိကြသူများနှင့် ဆုရရှိကြသည့် အသင်းများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### တာလွှတ်

၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နေပြည်တော် အလွတ်တန်းမာရသွန်ပြိုင်ပွဲနှင့် ဝန်ထမ်းမိသားစုများအတွက် မီနီမာရသွန်ပြိုင်ပွဲများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တာလွှတ်ပေးစဉ်။ (သတင်းစဉ်)



### လှပခံ့ညားစွာ ထွန်းညှိထား

ဇန်နဝါရီ ၄ရက်က ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော် မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ နေပြည်တော် မြို့မဈေး၊ သပြေကုန်းဈေးနှင့် လူနေအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာ ထွန်းညှိထားကြစဉ်။

(သတင်း-ကျော်ဖုံး)

(သတင်းစဉ်)



### ထူးခြားသည့် ညအပူချိန်

၄-၁-၂၀၁၀

| | | |
|---|---|---|
| လွိုင်လင်မြို့ | -၄ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | -၂ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | -၂ | ဒီဂရီစင်တီဂရိတ် |
| ဟားခါးမြို့ | -၂ | ဒီဂရီစင်တီဂရိတ် |
| လားရှိုးမြို့ | ၁ | ဒီဂရီစင်တီဂရိတ် |
| အမ်းမြို့ | ၁ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ်မြို့ | ၂ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၃ | ဒီဂရီစင်တီဂရိတ် |



### ပျော်ပွဲ ရွှင်ပွဲ

ဇန်နဝါရီ ၄ရက်က (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ခရိုင်မြို့နယ်များရှိ အခြေခံပညာကျောင်း၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ကျင်းပစဉ်။

(သတင်း-၃)(သတင်းစဉ်)

## တောင်ပိုင်းဒေသများတွင် ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၄

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ဝဒသမ ၁၆လက်မ ဖြစ်သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

<u>ယနေ့ညနေအထိ ခန့်မှန်းချက်မှာ</u> တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> မြစ်ဝကျွန်းပေါ် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ သာယာမည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ သာယာမည်။

## အရပ်သားများထိခိုက်သည့် အမေရိကန်စစ်ဆင်မှု

## အာဖဂန်သမ္မတ ကာဇိုင်း ပြစ်တင်ရှုတ်ချ

ကဘူးလ် ဇန်နဝါရီ ၄

အာဖဂန်နစ္စတန်နိုင်ငံ၌ အရပ်သားများထိခိုက်သေဆုံးစေသည့် အမေရိကန်ဦးဆောင်သောတပ်များ၏ တိုက်ခိုက်ရေးနည်းဗျူဟာများနှင့် စပ်လျဉ်း၍ အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက ပြစ်တင်ရှုတ်ချလိုက်သည်။

### ပြောကြား

အာဖဂန်နစ္စတန် လုံခြုံရေးတပ်များနှင့် ညှိနှိုင်းခြင်းမပြုဘဲ နိုင်ငံခြားတပ်ဖွဲ့ဝင်များအနေဖြင့် မလိုအပ်ဘဲ လူနေအိမ်များအတွင်း ရှာဖွေခြင်း၊ စစ်ဆင်ရေးပြုလုပ်ခြင်း၊ အထူးသဖြင့် လေကြောင်းမှ တိုက်ခိုက်ခြင်းများကို ရပ်ဆိုင်းရန် မိမိတို့မေတ္တာရပ်ခံထားကြောင်း ဟယ်လ်မန့်ပြည်နယ်၌ ဇန်နဝါရီ ၃ရက်တွင် သမ္မတကာဇိုင်းက ပြောကြားလိုက်သည်။

### နေတိုးစစ်ဆင်ရေး

ရက်သတ္တပတ်အတွင်း နေတိုးစစ်ဆင်ရေးနှစ်ရပ်ကြောင့် အာဖဂန်နစ္စတန်ရောက်နိုင်ငံခြားတပ်များနှင့် သမ္မတကာဇိုင်းအပါအဝင် အာဖဂန်ပြည်သူတို့အကြား မကျေမလည်ဖြစ်သွားရသည်ဟုဆိုသည်။ (အင်တာနက်)



၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

■ *ကျော်ဖုံးမှ*

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဝန်ကြီးချုပ်ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများသည် သတ်မှတ်ထားသော စုရပ်အသီးသီးမှ မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ နံနက် ၆နာရီတွင် ဝင်ရောက် နေရာယူကြသည်။

ထို့အတူ အခမ်းအနားကျင်းပရာ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက် အထွေထွေ အတွင်းရေးမှူး၊ ဗဟိုအတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုံးအဖွဲ့မှူးများ၊ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေး ဆပ်ကော်မတီဝင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နေပြည်တော်ပျဉ်းမနား မြို့နယ်ရှိ တိုင်းရင်းသား ကိုယ်စားလှယ်များကလည်း သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

## နိုင်ငံတော်အလံလွှင့်တင်

ရှေးဦးစွာ နံနက် ၄နာရီ မိနစ် ၂၀တွင် ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက် နံနက် ၇နာရီတွင် ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက် အခမ်းအနားကျင်းပရာသို့ ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

## နိုင်ငံတော်အလံအလေးပြု

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူလူထုကြီးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့ တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုသည်။

## သဝဏ်လွှာဖတ်ကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနား ကျင်းပရာနေရာမှ ပြန်လည် ထွက်ခွာသွားသည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးသည် မြို့တော်ခန်းမရှေ့ ရင်ပြင်မှ ပြန်လည်ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## လှပခံ့ညား

၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုညဖြစ်သည့် ယမန်နေ့ ညနှင့် ယနေ့ညတို့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော် မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေးနှင့် လူနေအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာ ထွန်းညှိ၍ ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုကြသည်ကို တွေ့ရသည်။

(သတင်းစဉ်)





၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ တက်ရောက် လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

## နိုင်ငံတော် အလံတင် အခမ်းအနား

၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေး ပြုပွဲ အခမ်းအနားသို့ တက်ရောက် လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)



၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော် မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေးနှင့် လူနေအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာ ထွန်းညှိထားကြစဉ်။ (သတင်းစဉ်)



## ယခုအပတ်ထုတ် ပြည်မြန်မာဂျာနယ်ဖြန့်ချိ

***ရန်ကုန်  ဇန်နဝါရီ ၄***

*ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၆၉၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။*

*ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "မင်္ဂလာ တောင်ညွန့်မြို့နယ်တွင် ရှေးဟောင်းကျောက်ထီးဝိုင်းကြီး တစ်ခု တွေ့ရှိ၊ လှိုင်သာယာတွင် ကြက်၊ ဘဲဈေးသစ်ဖွင့်မည်၊ တနင်္သာရီတိုင်းအတွင်းရှိ ကျွန်း၈၀၀တွင် ရေနင်္ဂါးမွေးမြူရေးလုပ်ကိုင်နိုင်၊ ရခိုင်ပြည်နယ် ကျောက်တော်တောင်တစ်ဝိုက် ခရီးသွားလုပ်ငန်း အချက်အချာ နေရာတစ်ခုဖြစ်လာ၊ ကိုကိုးကျွန်းပေါ်မှာ မင်္ဂလာဆောင်မလား၊ ပွဲလမ်းသဘင်လုပ်မလား စီစဉ်ပေးမည်၊ စစ္စရုပ်တုများ ပြပွဲကျင်းပမည်၊ အရက်ချက်စက်ရုံ မီးလောင်မှုအတွက် အာမခံလျော်ကြေး ငွေကျပ်သန်း ၁၆၀၀ ကျော်ရပြီ၊ စင်ကာပူ ဒေါ်လာနှစ်သန်းရင်းနှီးမြှုပ်နှံပါက စင်ကာပူတွင် အမြဲတမ်း နေထိုင်ခွင့် ရရှိနိုင်ဟုဆို၊ မြန်မာ့ပထမဆုံးပြိုင်ကားမောင်း ပြိုင်ပွဲကို ရုပ်သံလိုင်း သုံးလိုင်းတွင် ထုတ်လွှင့်ပြသမည်၊ အာဆီယံ ဒေသတွင်း အကြွင်းမဲ့ လွတ်လပ်သော ကုန်သွယ်မှု နယ်မြေထူထောင်ရန်စီစဉ်နေ၊ ယခုလ ၁၅ရက်တွင် ၂၁ရာစု၏ အကြာဆုံး နေကြတ်ခြင်း ဖြစ်ပေါ်မည်၊ အရှင်ဆန္ဒာဓိက မွေးနေ့ပွဲကို အမေရိကန်၌ ကျင်းပ၊ မိုဘိုင်းလ်ဖုန်းများ၏ တစ်ပြည်လုံးသို့ ခေါ်ဆိုခမှာ တစ်မိနစ်လျှင် ငွေကျပ် ၅၀ ဖြစ်လာသော်လည်း အများသုံး PCO တယ်လီဖုန်းများ အသုံးပြုခဈေးမတက်၊ City FM၏ ရှစ်နှစ်မြောက် နှစ်ပတ်လည်ကျင်းပ၊ EU နိုင်ငံများ အားလုံးသို့ မြန်မာ့ရေထွက်ကုန်ပစ္စည်းများ တရားဝင်တင်ပို့ခွင့်ရရှိ၊ ဖြိုးကြီးနှင့် စိုးမြတ်နန္ဒာတို့ တရားဝင်ပြတ်စဲပြီးကြောင်း ကြေညာ၊ စိုးမြတ်နန္ဒာက မြတ်သောမောင်ကို တရားဝင် အုပ်ထိန်းခွင့်ရရှိ၊ ယောကျ်ားလေးလိုချင်သူက မိန်းကလေးမွေးသောကြောင့် ဇနီးနှင့် သမီးကို အဆုံးစီရင်ခဲ့၊ ဆိုမာလီ ပင်လယ်ဓားပြများလက်မှ မြန်မာနိုင်ငံသားပါဝင်သော သင်္ဘော ပြန်လည် လွတ်မြောက်ပြီ၊ ထူးထွေဆန်းပြား ခန္ဓာကိုယ် အာမခံ ထားမှုများ၊ ပေါင်ချိန် ၈၅၀ကျော် ရှိသူက အစားဆင်ခြင်ပြီးနောက် တစ်နှစ်အတွင်း ၆၄၄ပေါင် ကျဆင်းသွား၊ ၂၀၀၉ခုနှစ်၏ အငြင်းပွားဖွယ်ရာ အဖြစ်ဆိုး သိပ္ပံသတင်းများ၊ နေထက်အဆ ၁၀,၀၀၀ပို၍ ပူပြင်းသော မီးကျီးခဲများကို အာကာသအတွင်း တွေ့ရှိ၊ ဒူဘိုင်း၌ ကလေးအချင်းဖြင့် မျက်နှာအလှပြင်ပေး၊ နှစ်သစ်ကူးညမှာ အပြာရောင်လကို မြင်ရ၊ ပြိုင်ကားဖြင့် လေထဲ၌ ပေ ၂၇၀ခန့်အကွာအဝေးအထိ ခုန်ကျော်ပြ၍ ကမ္ဘာ့စံချိန်တင်၊ ဒူဘိုင်းတွင် ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံဖွင့်လှစ်၊ သက်ရှိ လူသား၏ အသိဉာဏ်နှင့် စိတ်ကို ထည့်သွင်းပေးမည့် ကမ္ဘာ့ပထမဆုံး စက်ရုပ်တီထွင်မည်၊ နှစ်သစ်ကို ကမ္ဘာတစ်ဝန်းမှ လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြ၊ အယ်လ်ကေဒါတို့၏ ခြိမ်းခြောက်မှုကြောင့် ယီမင်ရှိ အမေရိကန်သံရုံးကို ပိတ်လိုက်ရ.." စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာ တိုးမြှင့်ထားသော်လည်း ဈေးနှုန်းမတက်ဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိသည်။*

***(သတင်းစဉ်)***

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ထိန်းသိမ်းအပ်ပေ ဘိုးဘွားအမွေ

မောင်မောင်မိုးအောင်




**၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့သည် မြန်မာနိုင်ငံ၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်။ ဗြိတိသျှနယ်ချဲ့တို့သည် ၁၈၂၄ ခုနှစ်တွင် ပထမကျူးကျော်စစ်၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယကျူးကျော်စစ်၊ ၁၈၈၅ ခုနှစ်တွင် တတိယကျူးကျော်စစ်ဆင်နွှဲပြီး မြန်မာပြည်ကို သိမ်းပိုက် ကျွန်ပြုခဲ့ကြသည်။ မြန်မာတို့သည် အသက်သွေးချွေးပေါင်းမြောက်မြားစွာ စတေးပြီး နှစ်ပေါင်းများစွာ ပြန်လည်တိုက်ယူခဲ့ပြီးမှ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့သည်။**

ထို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်များ၊ ကိုယ့်အမျိုး ကိုယ်ချစ်မြတ်နိုးသော ဝံသာနုရက္ခိတစိတ်ဓာတ်များ၊ လွတ်လပ်ရေးကိုမြတ်နိုးသော စိတ်ဓာတ်များ လူတိုင်းတွင်ရှိရန် လိုအပ်ပေသည်။ သို့မှသာ လွတ်လပ်ရေး၏ တန်ဖိုးကို နားလည်သိရှိပြီး အဓွန့်ရှည်ရန် ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

လူတစ်ယောက်ကျန်းမာနေစဉ် ကျန်းမာခြင်း၏အရသာကို ပြည့်ပြည့်ဝဝ နားလည်သဘောပေါက်သူ ရှားသည်။ မကျန်းမမာဖြစ်ပြီး ကိုယ်စိတ်ဆင်းရဲဖြစ်မှ ကျန်းမာခြင်း၏အရသာကို ပြန်လည်တောင့်တမိတတ်ကြသည်။ ရေပေါများသည့်အခါ ရေ၏တန်ဖိုးကို မေ့နေတတ်ကြသည်။ ခရီးကန္တာရောက်တော့မှ၊ ရေမရှိသည့်အရပ်ရောက်တော့မှ ရေ၏တန်ဖိုးကို နားလည်လာကြသည်။ လွတ်လပ်ရေးသည်လည်း ထို့အတူပင်ဖြစ်သည်။ လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏ အရသာကို လွတ်လပ်ရေးဆုံးရှုံးသွားမှ နားလည်သဘောပေါက်တတ်ကြသည်။ ဆုံးရှုံးသွားသော လွတ်လပ်ရေး ပြန်လည်ရရှိအောင် ကြိုးပမ်းရာတွင် နှစ်ပေါင်းများစွာ ကြာမြင့်တတ်ပေသည်။ အိမ်နီးချင်းနိုင်ငံတစ်ခုသည် ဗြိတိသျှတို့လက်အောက်တွင် နှစ်ပေါင်း(၂၄၀)ကြာ လွတ်လပ်ရေးဆုံးရှုံးခဲ့ရဖူးသည်ကို မှတ်သားခဲ့ဖူးသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို နောက်ဆုံးမှ ကျွန်ပြုနိုင်ခဲ့သော်လည်း အစောဆုံး လွတ်လပ်ရေးပြန်ပေးခဲ့ရသည်။ သတိမထားမိလျှင် လွတ်လပ်ရေးသည် အလွယ်တကူ ဆုံးရှုံးသွားတတ်သော်လည်း လွတ်လပ်ရေးပြန်လည်ရရှိရန် ကြိုးပမ်းသည့်အခါတွင် ဘဝပေါင်းများစွာ၊ အသက်ပေါင်းများစွာကို စတေးရသည်။ ရင်းနှီးရသည်။ လွယ်လွယ်ကူကူဖြင့် ပြန်မရနိုင်သည်က သေချာပါသည်။ ဗြိတိသျှတို့၏ ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲခဲ့ပုံကို တင်ပြလိုပါသည်။

၁၈၂၄ ခုနှစ် မတ်လ ၅ရက်နေ့တွင် ပထမကျူးကျော်စစ်ကို စတင်ဆင်နွှဲခဲ့ပြီး ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ ရန္တပိုစာချုပ်ဖြင့် စစ်ပြေငြိမ်းခဲ့ရာတွင် မြန်မာတို့က အာသံ၊ မဏိပူရ၊ ရခိုင်၊ တနင်္သာရီဒေသတို့ကို လက်လွှတ်ခဲ့ရပြီး စစ်လျော်ကြေးငွေ စတာလင်ပေါင်တစ်သန်း ပေးခဲ့ရသည်။

၁၈၅၂ ခုနှစ် ဧပြီလတွင် ဒုတိယကျူးကျော်စစ်ကို စတင်ဆင်နွှဲခဲ့သည်။ စစ်ပွဲကာလ ခုနှစ်လကြာသည်။ စစ်ပွဲအပြီးတွင် မြန်မာတို့က မြေထဲမြို့မှစ၍ အောက်မြန်မာနိုင်ငံကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၄ရက်နေ့တွင် တတိယကျူးကျော်စစ်ကို စတင်ဆင်နွှဲခဲ့သည်။ စစ်ပွဲကာလ ၁၄ရက် ကြာသည်။

**မြန်မာတို့သည် ကျူးကျော်စစ်တိုင်းတွင် သူ့ကျွန်မခံလိုသော၊ ကိုယ့်မြေကိုယ့်ရေကို အထိမခံလိုသော မျိုးချစ်စိတ်အပြည့်ဖြင့် စွမ်းစွမ်းတမံ တွန်းလှန်တိုက်ခိုက်ခဲ့ကြသော်လည်း နည်းပညာနှင့် လက်နက်အင်အားချင်းမမျှ၍ မလွဲသာမရှောင်သာသဖြင့် အရိုက်အတန့် အလျှော့ပေးခဲ့ကြရသည်။**

အင်အားချင်းမမျှ၍ ဆုံးရှုံးခဲ့ရသောလွတ်လပ်ရေး ပြန်လည်ရရှိရေးအတွက် မြန်မာပြည်ဖွား တိုင်းရင်းသားမှန်သမျှသည် အချိန်ရှိသရွေ့ ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

၁၈၈၆ ခုနှစ်မှ ၁၉၀၆ ခုနှစ်အထိ ပုဂံမှ ဗိုလ်ချို၊ ဝန်းသိုမှ ဦးအောင်မြတ်၊ ရှမ်းပြည်နယ်မှ လင်းပင်မင်းသား၊ ကယားပြည်နယ်မှ စောလဖော်၊ ချင်းပြည်နယ်မှ ဗိုလ်ဆွန်ပက်၊ ပုပ္ပားနယ်မှ ဗိုလ်နက်ကျော်၊ ရွှေဘိုနယ်မှ ဗိုလ်ထိပ်တင်မှတ်၊ ကျောက်ဆည်နယ်မှ ဗိုလ်သာကျွန်၊ ဆင်ဖြူကျွန်းမှ ဗိုလ်ဥတ္တမ၊ ဇီးပင်ကြီးမှ မြင်စိုင်းမင်းသား၊ တောင်တွင်းကြီးနတ်မောက်မှ ဗိုလ်မင်းရောင်၊ မြင်းခြံနယ်မှ ဗိုလ်ဖိုးဆင်းနှင့် ဗိုလ်ဖိုးဝင်း၊ မန္တလေးနယ်မှ ဗိုလ်တိုး၊ ဗိုလ်ဇေယျ၊ ကသာမိုးကောင်းမှ စောရန်ပိုင်၊ စောရန်နိုင်၊ သောင်ဒွတ်နယ်မှ စောဖထီး၊ ရွှေဂျိုးဖြူမင်းသား၊ ကချင်ပြည်နယ်မှ ဖုန်ကန်ဒူးဝါး၊ ဆမားဒူးဝါး၊ ဆိုင်ဆင်ဒူးဝါး၊ ဝနယ်မှ စောမဟာနော်ခမ်းဦး၊ ရမည်းသင်း ပျဉ်းမနားနယ်မှ ဗိုလ်သာမှန်၊ ဗိုလ်လှိုင်၊ ဗိုလ်သဲ၊ ဗိုလ်လူကလေး၊ ဝဲလောင်နယ်မှ ဗိုလ်ရာညွန့်၊ ကျွန်းခင်းကြီးနယ်မှ ဗိုလ်လှကျော်၊ မင်းတုန်းနယ်မှ ဗိုလ်ရွှေ၊ ရိုန်းမကားနယ်မှ ဗိုလ်ရိုင်း၊ ကံမနယ်မှ ဗိုလ်ဉာဏ် အစရှိသည့် တော်လှန်ရေး မျိုးချစ်သူရဲကောင်းများက နယ်ချဲ့အင်္ဂလိပ်ကို တောက်လျှောက် တော်လှန်ခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ်တွင် ကျွန်ပညာရေးစနစ်ကို ဝိုင်းဝန်းတော်လှန်ခဲ့ကြပြီး အမျိုးသားကျောင်းများ ပေါ်ထွန်းလာခဲ့သည်။ **၁၉၃၀ ပြည့်နှစ်တွင် သာယာဝတီမှအစပြုပြီး သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံ ဆရာစံ ဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံကြီး ဖြစ်ပွားခဲ့သည်။ ၁၉၃၈ ခုနှစ် နိုဝင်ဘာလ ၃၀ရက်နေ့တွင် ရေနံမြေ အလုပ်သမားသပိတ် ၁၃၀၀ ပြည့် အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သည်။ ၁၉၃၉ခုနှစ် ဧပြီလတွင် (၉၁)ဌာန အုပ်ချုပ်ရေးသစ်ကို ဆန့်ကျင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး မော်လမြိုင်ညီလာခံကို ကျင်းပခဲ့သည်။ ၁၉၃၉ခုနှစ် အောက်တိုဘာလ ၁ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး ဂိုဏ်းကြီးကို ဖွဲ့စည်းထူထောင်နိုင်ခဲ့သည်။ နောင်တွင် ဗမာ့ထွက်ရပ်ဂိုဏ်းဟု အမည်တွင်ခဲ့သည်။ ၁၉၄၀ပြည့်နှစ် ဧပြီလ ၁၆ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး ဖျာပုံညီလာခံကြီးကို ကျင်းပခဲ့သည်။ ၁၉၄၀ပြည့်နှစ် မေလ ၁၁ရက်နေ့တွင် သာယာဝတီနှင့် သုံးဆယ်အကြားရှိ အမျိုးသားကျောင်းဝင်းအတွင်းတွင် နိုင်ငံလုံးဆိုင်ရာ သခင်ညီလာခံကြီး ကျင်းပခဲ့သည်။**

၁၉၄၀ပြည့်နှစ် ဇွန်လ ၁၀ရက်နေ့တွင် ရန်ကုန်မြို့ရှိ မြို့မကျောင်းကြီး၌ ဗမာ့လက်ရုံးတပ်၊ သံမဏိတပ်၊ ရဲတပ်နှင့် မြို့မ အပျော်တမ်းတပ်များ ပေါင်းစည်းကာ အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ချုပ်ကြီးကို ထူထောင်ခဲ့သည်။

**၁၉၄၁ ခုနှစ် မတ်လ ၁၀ရက်နေ့တွင် မြန်မာလူငယ်များ လေးသုတ်ခွဲကာ ဂျပန်ပြည် ကျူရှူးကျွန်းသို့ထွက်ခွာခဲ့ပြီး ဟိုင်နန်ကျွန်း စူးဝမြို့တွင် စစ်ပညာများကို စတင်သင်ကြားခဲ့သည်။ ၁၉၄၁ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့တွင် ဗန်ကောက်မြို့၌ B.I.A ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို စတင်ဖွဲ့စည်း ထူထောင်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့တွင် ဂျပန်တပ်များနှင့်အတူ B.I.A တပ်မတော်ကြီးလည်း စစ်ကြောင်း(၅)ကြောင်းဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ရင်း မေလကုန်ခါနီးတွင် မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဇွန်လ ၂၈ရက်နေ့တွင် အာရှလူငယ်အစည်းအရုံးကို စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၄၂ ခုနှစ် ဩဂုတ်လဆန်းပိုင်းတွင် မြန်မာမျိုးချစ်များ ဦးဆောင်၍ ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေး)အဖွဲ့ချုပ်ကို လျှို့ဝှက်စွာ ဖွဲ့စည်းခဲ့သည်။ ၁၉၄၅ခုနှစ် မတ်လ ၂၇ရက်နေ့တွင် B.I.A တပ်မတော်ကြီးသည် ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲရန်အတွက် ယခုတော်လှန်ရေးပန်းခြံနေရာ ရန်ကုန်မြို့မှ စတင်ထွက်ခွာရာ လူထုကြီးက သပြေပန်းများဖြင့် ကမ်းလှမ်းနှုတ်ဆက်ခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖဆပလအဖွဲ့ကြီးက ဦးဆောင်၍ ပြည်သူလူထုနှင့်အတူ ဖက်ဆစ်တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့ကြသည်။ ၁၉၄၅ခုနှစ် မေလ ၁၇ရက်နေ့တွင် ဖက်ဆစ်တို့ လက်နက်ချခဲ့ရသည်။**

ထို့နောက် ထွက်ခွာသွားသော ဖက်ဆစ်အစိုးရနေရာတွင် နယ်ချဲ့ဗြိတိသျှတို့ ပြန်ဝင်လာပြန်သည်။ သို့ဖြစ်၍ နယ်ချဲ့တို့အား ဆက်လက်တွန်းလှန်တိုက်ခိုက်ခဲ့ကြရပြန်သည်။

၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ရက်နေ့တွင် ဖဆပလအဖွဲ့ချုပ်ကြီးသည် ရွှေတိဂုံစေတီ အလယ်ပစ္စယာ၌ ပြည်လုံးကျွတ်ညီလာခံကြီးကို တစ်ခဲနက်ကျင်းပနိုင်ခဲ့သည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၉ရက်နေ့တွင် ဖဆပလအဖွဲ့ကြီးနှင့်အတူ လူထုကြီးက နယ်ချဲ့အင်္ဂလိပ်တို့၏ စက္ကူဖြူစာတမ်းကို ဆန့်ကျင်အုံကြွ ကန့်ကွက်ခဲ့ကြသည်။ ၁၉၄၇ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်သို့သွားကာ အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ပင်လုံညီလာခံကြီးကို အောင်မြင်စွာ ကျင်းပပြီး ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် “**လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်**”အဖြစ် လွတ်လပ်ရေး ကြေညာနိုင်ခဲ့သည်။

**ဖော်ပြပါ အချက်များသည် လွတ်လပ်ရေးပြန်လည်ရရှိရန် နှစ်ပေါင်းများစွာ ခက်ခက်ခဲခဲ အသက်သွေးချွေးများစွာ စတေးပြီး တိုက်ခိုက်ခဲ့ရပုံ အကျဉ်းမျှသာဖြစ်သည်။ အသက်ပေါင်းများစွာ စတေးပြီး ခက်ခက်ခဲခဲ ပြန်လည်ရယူခဲ့ရသော လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရန် အထူးလိုအပ်လှပေသည်။ သူ့ကျွန်ဘဝ၏ ခါးသီးလှသော အနိဋ္ဌာရုံတွေကို မကြုံဖူးကြဘဲ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းမှ မွေးဖွားလာသည့် လူငယ်မျိုးဆက်သစ်များသည် ရရှိပြီးသည့် လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့အောင် ထိန်းသိမ်းဖို့ အဓိကတာဝန်ရှိကြပေသည်။ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ လွတ်လပ်ရေးကို မြတ်နိုးသော စိတ်ဓာတ်၊ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးကို ချစ်မြတ်နိုးသော စိတ်ဓာတ်များဖြင့် လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းကြရပေမည်။ လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းရာတွင် “ဒို့တာဝန်အရေးသုံးပါး”သည် လွန်စွာအရေးပါလှကြောင်း သတိပြုသင့်လှပေသည်-**

**(၁) ပြည်ထောင်စု မပြိုကွဲရေး**
**(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး**
**(၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး**

ဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် လွတ်လပ်ရေး အဓွန့်ရှည် တည်တံ့အောင် ထိန်းသိမ်းပေးမည့် ဒေါက်တိုင်ကြီး သုံးတိုင်ဖြစ်ပေသည်။ ဒို့တာဝန်အရေးသုံးပါးတွင် ဒို့၊ တာဝန်၊ အရေးသုံးပါးဟူ၍ အပိုင်းသုံးပိုင်းရှိပေသည်။ “ဒို့” ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားလူမျိုးများအားလုံးကို ရည်ညွှန်းထားခြင်းဖြစ်သည်။ “တာဝန်” ဆိုသည်မှာ တစ်စုံတစ်ဦးအနေဖြင့် တစ်စုံတစ်ခုသော အတိုင်းအတာ အကန့်အသတ်အထိ ဆောင်ရွက်ရမည့် အလုပ်တာဝန်ကို ဆိုလိုခြင်းဖြစ်သည်။ “အရေးသုံးပါး” ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးအားလုံး ဆောင်ရွက်ရမည့် အလုပ်အရေးသုံးပါးပင်ဖြစ်သည်။ ထိုဆောင်ရွက်ရမည့် အလုပ်အရေးသုံးပါးသည် ဒို့တာဝန်အရေးသုံးပါးပင် ဖြစ်တော့သည်။

**ဒို့တာဝန်အရေးသုံးပါးဟူသည့် ဒေါက်တိုင်ကြီးသုံးတိုင်သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြု ဆက်စပ်တည်ရှိနေပေသည်။ ဒေါက်တိုင်ကြီး သုံးတိုင်အနက် တိုင်တစ်ခုခုပြိုလဲသည်နှင့် အားလုံး ပြိုကွဲပျက်စီးသွားမည် ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့လျှင် ပြည်ထောင်စုကြီး ပြိုကွဲသွားမည်**

**အသက်ပေါင်းများစွာ စတေးပြီး ခက်ခက်ခဲခဲ ပြန်လည်ရယူခဲ့ရသော လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရန် အထူးလိုအပ်လှပေသည်။ သူ့ကျွန်ဘဝ၏ ခါးသီးလှသော အနိဋ္ဌာရုံတွေကို မကြုံဖူးကြဘဲ လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်းမှ မွေးဖွားလာသည့် လူငယ်မျိုးဆက်သစ်များသည် ရရှိပြီးသည့် လွတ်လပ်ရေး အဓွန့်ရှည် တည်တံ့အောင် ထိန်းသိမ်းဖို့ အဓိကတာဝန်ရှိကြပေသည်။ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ လွတ်လပ်ရေးကို မြတ်နိုးသော စိတ်ဓာတ်၊ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးကို ချစ်မြတ်နိုးသော စိတ်ဓာတ်များဖြင့် လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းကြရပေမည်။ လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းရာတွင် “ဒို့တာဝန်အရေးသုံးပါး”သည် လွန်စွာအရေးပါလှကြောင်း သတိပြုသင့်လှပေသည်။**

*စာမျက်နှာ ၇ ကော်လံ ၁*

## (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

*စာမျက်နှာ ၆ မှ*

ဖြစ်သည်။ ပြည်ထောင်စုကြီး အစိတ်စိတ်အမြွာမြွာ ပြိုကွဲသွားလျှင် အချုပ်အခြာအာဏာ ဆုံးရှုံးသွားမည်ဖြစ်သည်။ လွတ်လပ်ရေးဆုံးရှုံးလျှင် သူ့ကျွန်ဘဝ ပြန်ရောက်သွားမည် ဖြစ်သည်။ ထို့ကြောင့် ရရှိပြီးသည့် လွတ်လပ်ရေး အစွန့်ရှည် တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဒို့တာဝန်အရေးသုံးပါးသည် လွန်စွာအရေးကြီးလှပေသည်။

ကမ္ဘာ့မြေပုံထဲမှာ မြန်မာပြည်မြေပုံသည် လွန်စွာလှပနေသည်ကို တွေ့ရမည်ဖြစ်သည်။ မြောက်ဘက်ဖျားတွင် ဆီးနှင်းများ ဖုံးလွှမ်းနေသည့် ခါကာဘိုရာဇီတောင်တန်းကြီးရှိနေသည်။ အလယ်ပိုင်းတွင် မြစ်ချောင်းများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိနေသည်။ အနောက်တောင်နှင့် တောင်ပိုင်းတွင် ပင်လယ်ပြင်ကြီး ကာဆီးထားပေသည်။ ထို့အပြင် မြေပေါ်မြေအောက် သယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံလည်းဖြစ်သည်။ အရှေ့တောင်အာရှတွင် အချက်အချာကျသည့်နေရာ၌ တည်ရှိနေသည်။ ကမ္ဘာပေါ်တွင် လူဦးရေ အထူထပ်ဆုံးနိုင်ငံကြီး နှစ်နိုင်ငံအကြား၌ တည်ရှိနေသည်။ ထို့အပြင် ယဉ်ကျေးမှု၊ ဘာသာအယူဝါဒ မတူညီသော နိုင်ငံ(၅)နိုင်ငံနှင့်လည်း နယ်နိမိတ်ချင်း ထိစပ်နေပေသည်။ ထိုအချက်များကြောင့် ခေတ်သစ်ကိုလိုနီလက်သစ်နိုင်ငံကြီးများက မျက်စိကျ၍ ကျွန်ပြုချင်ကာ ပြည်ထောင်စုကြီး ပြိုကွဲအောင် ဖန်တီးလှုံ့ဆော်နေသည်ကို သတိရှိသင့်လှသည်။ ကမ္ဘာ့မြေပုံပေါ်တွင် မြန်မာပြည်ကြီး အစွန့်ရှည် တည်တံ့စေရန် သံတိုင်များနှင့်ဝိုင်း၊ တံတိုင်းများနှင့်ဆောက်၊ အုတ်ကျောက်များဖြင့် ကာရံလည်း အစွန့်မရှည်နိုင်ပါ။ ဘိုးဘွားများပေးခဲ့သော လွတ်လပ်ရေးအမွေ အစွန့်ရှည်ရန်၊ သားမြေးမြစ်များလက်ထက်တိုင် လွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် ကာရံမှသာ လုံခြုံအေးချမ်းနေမည်ဖြစ်သည်။ မိမိတို့နိုင်ငံသည်-

- မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများဖြင့် ပေါကြွယ်သည့် နိုင်ငံဖြစ်သည်။
- အရှေ့တောင်အာရှတွင် Eco - Politics နှင့် ကြည့်ကြည့်၊ Geo- Politics နှင့် ကြည့်ကြည့် အရေးပါပြီး အချက်အချာကျသည့်နေရာတွင် တည်ရှိနေသည့် နိုင်ငံဖြစ်သည်။
- ရာသီဥတုမျှတပြီး စိမ့်စမ်းလျှိုမြောင် တောင်တန်းများ၊ သွေးကြောများပမာ ယှက်ဖြာစီးဆင်းနေသည့် မြစ်ချောင်းများနှင့် ပင်လယ်ပြင်ထွက်ပေါက်ရှိသော နိုင်ငံဖြစ်သည်။
- လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။

ဤကဲ့သို့ အဘက်ဘက်မှ ပြည့်စုံနေသော အမိမြန်မာနိုင်ငံ၏ လွတ်လပ်ရေး အစွန့်ရှည်ရန် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ မလွတ်လပ်သော သူ့ကျွန်ဘဝကို ဆီးဘန်နီ ဆရာတော်က ကဗျာရေးဖွဲ့ခဲ့သည်-

**"ကုန်းဘောင်နေမီး၊ မထိန်ညီး၍**
**တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်**
**ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည**
**သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်**
**သုညခေတ်ဝယ်၊ ဖြစ်လာရချေ**
**တို့တစ်တွေသည်**
**သေသော်မှတည့် ဩော်ကောင်း၏"** ဟု ရေးဖွဲ့ခဲ့သည်။ ကျွန်ဘဝတွင် အသက်ရှင်နေရခြင်းထက် သေသည်ကမှ ကောင်းသေးသည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။ နိုင်ငံချစ်စိတ်၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး ချစ်မြတ်နိုးသည့်စိတ်၊ မျိုးချစ်စိတ်များဖြင့် ဘိုးဘွားများ၏ အမွေဖြစ်သည့် လွတ်လပ်ရေးကို အစွန့်ရှည်အောင် ကာကွယ်ထိန်းသိမ်းကြရန်မှာ မြန်မာနိုင်ငံသားတိုင်းအတွက် ဦးလည်မသုန် ထမ်းဆောင်ကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

**ကမ္ဘာ့မြေပုံပေါ်တွင် မြန်မာပြည်ကြီး အစွန့်ရှည် တည်တံ့စေရန် သံတိုင်များနှင့်ဝိုင်း၊ တံတိုင်းများနှင့်ဆောက်၊ အုတ်ကျောက်များဖြင့် ကာရံလည်း အစွန့်မရှည်နိုင်ပါ။ ဘိုးဘွားများ ပေးခဲ့သော လွတ်လပ်ရေးအမွေ အစွန့်ရှည်ရန်၊ သားမြေးမြစ်များ လက်ထက်တိုင် လွတ်လပ်သော နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် အတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် ကာရံမှသာ လုံခြုံအေးချမ်းနေမည်ဖြစ်။**

## ဘိုးဘွားအမွေ အမြဲတော

○ သွေးချွေးအသက်
ပေးဆက်ကျေပွန်၊ သမိုင်းမွန်နှင့်
သူ့ကျွန်ဘဝ၊ လွတ်မြောက်ကြခဲ့
မြန်မာ့မြေဖွား၊ သွေးချင်းသားတို့
ရိုးသားစိတ်ဓာတ်၊ ပေါင်းစည်းအပ်ပြီ
လွတ်လပ်ရေးအမွေ အမြဲတော။

○ ထိုလွတ်လပ်ရေး၊ စေ့စေ့တွေးသော်
သွေးနှင့် ချွေးနှင့်၊ အသက်နှင့်တည့်
ရင်နှင့်ဖွယ်ကြုံ၊ သနစ်စုံနှင့်
မတုန်လှုပ်တမ်း၊ ခွဲစိတ်ထမ်း၍
ကြိုးပမ်းထွက်ထိပ်၊ မျိုးချစ်စိတ်နှင့်
ဖိတ်ဖိတ်တောက်ကြွား၊ သတ္တိများနှင့်
အသိတရား၊ သတိများနှင့်
ဘိုးဘွားအမွေ အမြဲတော။

○ ထိုလွတ်လပ်ရေး
ရဲသွေးပြည့်လျှံ၊ ဇာတိမာန်နှင့်
မွှမ်းမံစီကုံး၊ ပုလဲလုံးသို့
နှလုံးသားတွင်၊ ကမ္ပည်းတင်စို့
အစဉ်အဆက်၊ မျိုးနွယ်လက်သို့
ပေးဆက်အမွေ၊ အမြဲတော။

○ ဩော်...သုံးပါးအရေး
အလေးအနက်၊ ဦးထိပ်ရွက်၍
ပေးဆက်အမွေ၊ အမြဲတောကို
တစ်တွေတို့က၊ နှလုံးလှနှင့်
ဆုံးစမထင်၊ ပြုံးမြဲဆင်၍
အစဉ်အဆက်၊ တည်မပျက်အောင်
အသက်တမျှ ထိန်းသိမ်းစို့။
မွေခံထိုက်သူ ဖြစ်စေဖို့။
တက်ညီလက်ညီ ထိန်းပါစို့။ ။

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်-

**သောင်းကိုကို**

## တည်ငြိမ်အေးချမ်းမှ....

ကာတွန်း – စိုးမင်း (ပန်းဘဲတန်း)




## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၁-၂၀၁၀
(အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| | - | ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်) |
| ၇:၅၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၈:၀၅ | ၆။ | အကပြိုင်ပွဲ |
| ၈:၁၅ | ၇။ | နှောင်းခေတ် တေးပဒေသာ |
| ၈:၂၅ | ၈။ | ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက |
| ၈:၄၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | Local Talent |
| ၈:၅၀ | ၁၁။ | ရှမ်းတောင်တန်းဆီက တံတားကြီးများ |
| ၉:၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄:၀၅ | ၂။ | တေးဂီတအစီအစဉ် |
| ၄:၁၅ | ၃။ | အတီးပြိုင်ပွဲ |
| ၄:၃၅ | ၄။ | **သတိတစ်ချက် တစ်သက်အမှား** |
| ၄:၅၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ) |
| ၅:၀၅ | ၆။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၅:၁၅ | ၇။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၅:၃၅ | ၈။ | ရင်မှာစွဲထင် တေးအလှသံစဉ် |
| ၆:၀၀ | ၉။ | ညနေခင်းသတင်း |
| ၆:၀၅ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆:၂၀ | ၁၁။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆:၃၅ | ၁၂။ | ဆိုလိုက်ကြစို့ |
| ၇:၀၅ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၂၃) |
| ၈:၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၁၄) |
| | ၁၈။ | အစီအစဉ်ပြီး၏။ |

ဖြစ်သည်။ ရေဒီယိုအစီအစဉ်များအနေဖြင့် လက်ရှိကာလတွင် နံနက် ၆နာရီမှ ည ၁၀နာရီအထိသာ အများစုထုတ်လွှင့်နေသေးသော်လည်း မကြာမီ နံနက် ၅နာရီမှ ည ၁၁နာရီအထိ ထုတ်လွှင့်ပေးတော့မည်ဖြစ်ရာ မူလရေဒီယိုအစီအစဉ်နှင့် ရေဒီယို FM အစီအစဉ်တို့ကို နှစ်သက်သလို ရွေးချယ်နားဆင်နိုင်ကြပြီဖြစ်သည်။ FM လွှင့်စက်များကို တိုးချဲ့တပ်ဆင်ရန်လျာထားရာ အဆင့်(၁)တွင် ပူတာအို၊ ဖားကန့်၊ လောက်ကိုင်၊ တမူး၊ ဟားခါး၊ စစ်တွေ၊ အဆင့်(၂)တွင် မိုးကောင်း၊ မိုးညှင်း၊ ကွမ်းလုံ၊ လားရှိုး၊ ကနေဒီ၊ ဘူးသီးတောင်၊ အဆင့်(၃)တွင် အမ်း၊ ပိန္နဲတောင်၊ တောင်ကုတ်၊ သံတွဲမြို့များ၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုအဆင့်များပြီးစီးသွားပါက မြန်မာ့အသံအစီအစဉ်များကို ကွက်ပြည့်ထုတ်လွှင့်နိုင်မည် ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် မြန်မာ့အသံ ရေဒီယိုအစီအစဉ်များကို ၂၀၀၃ခုနှစ် ဇန်နဝါရီလမှစ၍ Internet ပေါ်တွင် တင်ထားပေးခဲ့ရာ Internet တွင် မူလလုပ်ငန်းမပျက် နားဆင်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**ရေဒီယိုထုတ်လွှင့်မှု အောင်မြင်လာသည့်နည်းတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့်လည်း ၁၉၈၈ခုနှစ်မတိုင်မီက နိုင်ငံတစ်ဝန်းလုံးတွင် ထပ်ဆင့်**



**စစ်တွေ ကိုယ်ပွားသတင်းစာတိုက်**

**ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ) တွင် ပုံနှိပ်စက်အသစ်များ တိုးမြှင့်တပ်ဆင်ပေးထားရာ နေ့စဉ်သတင်းစာများကို ဤသို့ ရိုက်နှိပ်ထုတ်ဝေလျက်ရှိသည်။** (သတင်းစဉ်)



**ဒို့အလင်း ကျေးရွာစာကြည့်တိုက်**

**ရခိုင်ပြည်နယ် သံတွဲမြို့နယ် နန်းချောင်းကျေးရွာ ဒို့အလင်းကျေးရွာ စာကြည့်တိုက်အတွင်း စာပေလေ့လာ ဖတ်ရှုနေကြသူများကို ဤသို့ တွေ့ရသည်။**
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

လွှင့်စက်ရုံ ၁၅ရုံသာရှိခဲ့ရာမှ ယခုအခါ ကချင်ပြည်နယ်၌ ၂၅ရုံ၊ ကယားပြည်နယ်၌ ခုနစ်ရုံ၊ ကရင်ပြည်နယ်၌ ရှစ်ရုံ၊ ချင်းပြည်နယ်၌ ၁၁ရုံ၊ စစ်ကိုင်းတိုင်း၌ ၂၄ရုံ၊ တနင်္သာရီတိုင်း၌ ၁၇ရုံ၊ ပဲခူးတိုင်း၌ ငါးရုံ၊ မကွေးတိုင်း၌ ခြောက်ရုံ၊ မန္တလေးတိုင်း၌ ခြောက်ရုံ၊ ရန်ကုန်တိုင်း၌ နှစ်ရုံ၊ ဧရာဝတီတိုင်း၌ ငါးရုံ၊ မွန်ပြည်နယ်၌ ခြောက်ရုံ၊ ရခိုင်ပြည်နယ်၌ ၁၂ရုံ၊ ရှမ်းပြည်နယ်၌ ၈၂ရုံ၊ စုစုပေါင်း ၂၁၆ရုံရှိလာခဲ့သည်။ ထိုစက်ရုံများမှ တစ်နိုင်ငံလုံး လူဦးရေ၏ ၉၁ဒသမ ၇၂ ရာခိုင်နှုန်းသို့ မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုများကို လွှမ်းခြုံပေးနေပြီဖြစ်သည်။

## စတင်ထုတ်လွှင့်ခဲ့

ထို့အပြင် ၂၀၀၄ခုနှစ်မေလတွင် စတင်ထုတ်လွှင့်ခဲ့သည့် **MRTV-4** အစီအစဉ်များကိုလည်း မိုးလင်းစမှ အိပ်ရာဝင်ချိန်တိုင် သတင်းကဏ္ဍ၊ သီချင်းကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍ၊ တွေ့ဆုံမေးမြန်းကဏ္ဍ စသည်တို့ဖြင့် သွက်လက်မြူးကြွစွာ ထုတ်လွှင့်ပေးနေသည်။ **MRTV-4** သည် ၎င်း၏မူလအစီအစဉ်များသာမက **5 Cartoon, 5 Movies, 5 Series, ESPN, STAR SPORTS, CNN, NGC WILD, 5 Movies II, 5 Series II, Cartoon Network, Discovery, Discovery T & L, EURO SPORTS, MTV, CHANNEL-V, STAR MOVIES, STAR WORLD, NGC, ANIMAL PLANET, ADCENTURE ONE** စသည့် ဆက်စပ်ရုပ်သံလိုင်းများကိုလည်း ထုတ်လွှင့် ပေးလျက်ရှိသည်။

## ကြည့်ရှုနိုင်ကြတော့မည်

အလားတူထုတ်လွှင့်မှုများ အရည်အသွေး ပိုမိုကောင်းမွန်စေရန်အတွက် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် DVBT စနစ်သို့ တိုးချဲ့အသုံးပြု ထုတ်လွှင့်ခဲ့သည်။ ၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်ကိုလည်းကောင်း၊ ၂၀၀၉ခုနှစ် ဧပြီလတွင် မန္တလေးမြို့ (စစ်ကိုင်း)နှင့် အနီးတစ်ဝိုက်ကိုလည်းကောင်း Free to Air စနစ်ဖြင့် ထုတ်လွှင့်ပေးခဲ့ရာ Digital Receiver မသုံးဘဲ ဖမ်းယူနိုင်ခဲ့ကြသကဲ့သို့ တစ်ပြိုင်တည်းတွင်ပင် အစီအစဉ်များကိုလည်း နာရီ ၂၀စာအထိ တိုးမြှင့်ထုတ်လွှင့်ပေးနိုင်ခဲ့သည်။ ယခုအခါ ထပ်ဆင့်လွှင့်စက်ရုံပေါင်း ၂၈ရုံမှတစ်ဆင့် MRTV-4 အစီအစဉ်များကို ထုတ်လွှင့်ပေးနေပြီဖြစ်သည်။ ဆောင်ရွက်ဆဲ DVBT စနစ်သာ ကွက်ပြည့်အကောင်အထည်ဖော် ပြီးသွားမည်ဆိုလျှင် နိုင်ငံတစ်ဝန်း ခေတ်မီ Digital စနစ်ဖြင့် ကြည့်ရှုနိုင်ကြတော့မည်ဖြစ်သည်။

## မီဒီယာတစ်ခေတ်ပြောင်း

**ထိုထိုသော တင်ဆက်မှုတို့ကို မြို့ကြီးနေပြည်သူတို့သာမက နိုင်ငံတစ်ဝန်းလုံးရှိ ကျေးလက်နေပြည်သူတို့လည်း ကျန်မနေဘဲ ကြည့်ရှုခွင့်ရအောင် မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများသာမက မြန်မာ့ရုပ်မြင်သံကြားနှင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျေးရွာများ၌ တပ်ဆင်ပေးသည့် DTH (Direct To Home) Terminal Equipment (Set-top Box) စနစ်က ဝေးလံသောဒေသတို့မှ ပြည်သူတို့အား ခေတ်နောက်ကျမနေခဲ့အောင် သိမ်းကျုံးခေါ်ဆောင်လာခဲ့တော့သည်။ နိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံစေရန် တည်ဆောက်လျက်ရှိသည့် ထပ်ဆင့်လွှင့်စက်ရုံ အသစ်များနှင့် DTH စလောင်းတို့ပေါင်းကာ မီဒီယာတစ်ခေတ်ပြောင်းမှုကို ဖော်ဆောင်လျက်ရှိသည်။**

**ထို့ပြင်သာမက မြန်မာနိုင်ငံအကြောင်း စိတ်ဝင်စားသူ နိုင်ငံတကာ အသိုက်အဝန်းမှ မြန်မာနိုင်ငံအကြောင်း သိရှိနိုင်စေရန်၊ ရှေးမဆွမီကတည်းက ခိုင်မာစွာဖြစ်တည်လာခဲ့သော မြန်မာ့ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း အစဉ်အလာတို့ကို ကမ္ဘာတစ်လွှားသို့ ပျံ့နှံ့သိရှိနိုင်စေရန်အတွက် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သော MRTV-3 အစီအစဉ်များကိုလည်း ပြည်ပသို့ ၂၀၀၁ခုနှစ် ဩဂုတ်လမှ စတင်၍ ထုတ်လွှင့်လျက်ရှိသည်။ ဤသို့ထုတ်လွှင့်ရာတွင် ဥရောပဒေသအတွက်**



ရုပ်မြင်သံကြားအစီအစဉ်များ ထုတ်လွှင့်ပေးလျက်ရှိသော ချင်းပြည်နယ် ဟားခါးမြို့မှ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

**ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိသော မီဒီယာခေတ်နှင့်အညီ သတင်းစာများကို တစ်နေရာတည်းမှ ရိုက်နှိပ်ထုတ်ဝေဖြန့်ချိခြင်းမပြုဘဲ မန္တလေး၊ တောင်ကြီး၊ မကွေး၊ ကျိုင်းတုံ၊ ကလေး၊ မြစ်ကြီးနား၊ စစ်တွေ၊ လားရှိုးနှင့် မြိတ်မြို့များ၌ ကိုယ်ပွားသတင်းစာတိုက်များထားရှိကာ ထိုသတင်းစာတိုက်များမှ အသီးသီး ရိုက်နှိပ်ဖြန့်ချိ လျက်ရှိ။ ထိုသို့နိုင်ငံအနှံ့ ကိုယ်ပွားသတင်းစာတိုက်များ ထားရှိဆောင်ရွက်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းသားပြည်သူများသည် နေ့စဉ်ထုတ်သတင်းစာများကို ရက်မဆိုင်းဘဲ ဖတ်ရှုနိုင်နေပြီ။**

**အလားတူသတင်းစာများ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကိုလည်း ပြောင်းလဲဖော်ဆောင်လျက်ရှိရာ ယနေ့ခေတ်သတင်းစာများသည် ပြည်သူများအတွက် သတင်းအာဟာရကို ဖြည့်တင်းပေးနေသော အခန်းကဏ္ဍမှ ပါဝင်နေ။**

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် ခေတ်မီရောင်စုံစက်သစ်ကြီးများ ဝယ်ယူတပ်ဆင်ထားပြီးဖြစ်ရာ နောင်တွင် ကျွန်တော်တို့အနေဖြင့် ရောင်စုံသတင်းစာများကို ဖတ်ရှုနိုင်ကြတော့မည်။**

**...က်အဝန်းမှ မြန်မာနိုင်ငံအကြောင်းသိရှိနိုင်စေရန်၊ ...ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း အစဉ်အလာတို့ကို ...ဖြင့် ထုတ်လွှင့်သော MRTV-3 အစီအစဉ်များ ...လွှင့်လျက်ရှိ။ ဤသို့ထုတ်လွှင့်ရာတွင် ဥရောပဒေသ ...အထိ ရှစ်နာရီကြာ အစီအစဉ်များကိုလည်းကောင်း၊ ...ခွဲမှ နောက်တစ်နေ့နံနက် ၇နာရီခွဲအထိ ရှစ်နာရီကြာ ...အစဉ်မှပင် Internet Website လည်းတင်ထား ...းစာများကိုလည်း ကွန်ပျူတာအသုံးပြု၍ ဖတ်ရှုနိုင်။**

မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲမှ ည ၁၁နာရီခွဲအထိ ရှစ်နာရီကြာ အစီအစဉ်များကိုလည်းကောင်း၊ မြောက်အမေရိကဒေသအတွက် မြန်မာစံတော်ချိန် ည ၁၁နာရီခွဲမှ နောက်တစ်နေ့နံနက် ၇နာရီခွဲအထိ ရှစ်နာရီကြာ အစီအစဉ်များကိုလည်းကောင်း ထုတ်လွှင့်ပေးလျက်ရှိသည်။ ၎င်းအစီအစဉ်မှပင် **Internet Website** လည်းတင်ထားရာ ကဏ္ဍမျိုးစုံသာမက နေ့စဉ်ထုတ် မြန်မာ၊ အင်္ဂလိပ်သတင်းစာများကိုလည်း ကွန်ပျူတာအသုံးပြု၍ ဖတ်ရှုနိုင်ပေသည်။

## မွေးပျံ့စေမည်

**MRTV-3** အစီအစဉ်တွင် **MRTV-4** ၏ နှစ်နာရီစာ အစီအစဉ်များကိုလည်း ထည့်သွင်း၍ ဥရောပနှင့် မြောက် အမေရိကသို့ နေ့စဉ် ထုတ်လွှင့်ပေးလျက်ရှိသည်။ အနာဂတ်တွင် **Global Coverage** ပိုမိုရရှိနိုင်ရေးအတွက် ဆက်သွယ်ရေးဂြိုဟ်တုများ တိုးချဲ့ခြင်း၊ ခေတ်မီစက်ပစ္စည်းများ ဖြည့်ဆည်းခြင်း၊ နိုင်ငံတကာ ရုပ်သံလွှင့်ဌာနများနှင့် နားလည်မှုစာချွန်လွှာများ အပြန်အလှန်လဲလှယ်ပြီး သတင်းနှင့်အစီအစဉ်များ အပြန်အလှန်ပေးပို့ခြင်းတို့ကို စီမံဆောင်ရွက်လျက်ရှိသည့်အပြင် ထုတ်လွှင့်ချိန်ကိုလည်း မူလ ၁၆နာရီအစား ၂၄နာရီအထိ အချိန်ပြည့် တိုးမြှင့်ထုတ်လွှင့်သွားမည်ဖြစ်ရာ ခေတ်မီ **Setting** များ၊ စတိုင်သစ်ဖြင့် ထုတ်လွှင့်ကြေညာမှုများအပါအဝင် ပရိသတ်ရှုမငြီးဖွယ်ရာ **MRTV-3** အစီအစဉ်များကား ကမ္ဘာကိုချင်းနင်း၊ မြန်မာ့သတင်းကို မွေးပျံ့စေဦးပေတော့မည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုသာမက ကျေးရွာစာကြည့်တိုက်များနှင့် ပတ်သက်၍လည်း လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၉ မှ*

ထိုသို့ ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိစေရန်အတွက် (၁) ဒေသဆိုင်ရာ အာဏာပိုင်များ၏အား၊ (၂)စေတနာရှင်ပြည်သူများ၊ အဖွဲ့အစည်းများ၏အား၊ (၃)သက်ဆိုင်ရာဒေသနေ ပြည်သူများ၏အား၊ (၄)ဝန်ထမ်းများ၏အား စသည့် အားလေးအားဖြင့် ကျေးရွာတိုင်း စာကြည့်တိုက်များ တည်ရှိလာစေရေး ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးတွင် ကျေးရွာစာကြည့်တိုက်ပေါင်း ၅၅၇၅၅တိုက်အထိ ရှိလာအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ထိုသို့ တည်ရှိလာပြီး ကျေးရွာစာကြည့်တိုက်များကိုလည်း ကျေးရွာ၏ ဒုတိယဘုန်းတော်ကြီးကျောင်းကဲ့သို့ ဖြစ်လာအောင် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

## ထူထောင်ပေးနိုင်

ထို့ပြင် ကျေးရွာစာကြည့်တိုက်များအား (၁) အနာဂတ်ကျေးလက်ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးသည့်နေရာများဖြစ်စေရန်၊ (၂)လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေးနှင့်ပတ်သက်သည့် အသိပညာကောင်းများ လာရောက်ဆည်းပူးသည့်နေရာ၊ စုဝေးတိုင်ပင်သည့် နေရာများဖြစ်စေရန်၊ (၃) တစ်နေရာမှ တစ်နေရာသို့ Internet ဖြင့် ချိတ်ဆက်၍ အသိပညာဖလှယ်သည့် Community Center များ ဖြစ်စေရန်၊ (၄) ဗဟုသုတနှင့် အသိပညာနည်းပညာများကို တစ်နိုင်ငံလုံးမှဖြစ်စေ၊ ကမ္ဘာအနှံ့မှဖြစ်စေ တစ်ထိုင်တည်းရယူနိုင်သည့် Electronic Library များဖြစ်စေရန် စသည်အထိ ရည်မှန်းချက်ကြီးမားစွာဖြင့် ဆောင်ရွက်လျက်ရှိသည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ ဤမွန်မြတ်၍ ရည်မှန်းချက်ကြီးမားလှသော ဆောင်ရွက်ချက်ကြောင့် တစ်နိုင်ငံလုံးအနှံ့ ကျေးရွာတိုင်း စာကြည့်တိုက်များ ပေါ်ထွန်းလာနေပြီဖြစ်ရာ ကမ္ဘာပေါ်တွင် ပထမဆုံး ကျေးရွာတိုင်း စာကြည့်တိုက်ထူထောင်ပေးနိုင်သည့် နိုင်ငံဖြစ်လာပေတော့မည်။

ဤသို့ဖြင့် ၁၉၈၈ ခုနှစ်မတိုင်မီက ကျေးရွာစာကြည့်တိုက်များ လုံးဝမရှိခဲ့သည့် အခြေအနေမှ ပြန်ကြားရေးဝန်ကြီးဌာန၏ ကျားကုတ်ကျားခဲ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ကျေးရွာတိုင်း စာကြည့်တိုက်များ ထူထောင်ပေးနိုင်သည့် အခြေအနေ၊ ကျေးရွာပြည်သူတို့ မျက်စိပွင့်၊ ဉာဏ်အလင်းပွင့်သည့် အခြေအနေသို့ ရောက်ရှိခဲ့ကြပေပြီ။ တစ်နိုင်ငံလုံး လူဦးရေ၏ ၇၀ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်ကြရာ ထိုကျေးလက်နေ ပြည်သူတို့အား ပညာခေတ် (Knowledge Age) ၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် အမြဲလေ့လာသင်ယူနေသော လူ့အဖွဲ့အစည်း(Life Long Learning Societies) ဖြစ်လာအောင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်ကို ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ ရောက်စေနိုင်ခဲ့ပြီ ဖြစ်ပေသည်။

## ရိုက်နှိပ်ထုတ်ဝေ

မြန်မာနိုင်ငံ၏ အခြေခံပညာကျောင်းများမှ ကျောင်းသားဦးရေမှာ ၁၉၈၈ ခုနှစ်က ငါးသန်းကျော်သာရှိခဲ့ရာမှ ယနေ့အချိန်အခါတွင် ရှစ်သန်းကျော်ရှိလာခဲ့ရာ ထိုကျောင်းသားများ ပညာသင်ကြားရာတွင် အဆင်ပြေချောမွေ့စေရေး၊ ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ပညာရေးကဏ္ဍ၏ လိုအပ်ချက်ကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များကို ရိုက်နှိပ်ထုတ်ဝေလျက်ရှိသည်။ ၁၉၈၈ခုနှစ်မတိုင်မီက အစိုးရပုံနှိပ်စက်ရုံ ငါးရုံသာရှိခဲ့ရာမှ ပညာရေးကဏ္ဍအတွက် ပုံနှိပ်လုပ်ငန်းများနှင့် နိုင်ငံတော်ပုံနှိပ်လုပ်ငန်းများအတွက် နေရာဒေသအလိုက် လိုအပ်ချက်အရ ၂၀၀၃ခုနှစ်တွင် အထက်မြန်မာပြည်ပုံနှိပ်စက်ရုံ(မန္တလေး)ကိုလည်းကောင်း၊ ၂၀၀၆ခုနှစ်တွင် နေပြည်တော်ပုံနှိပ်စက်ရုံ(တပ်ကုန်း)ကိုလည်းကောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ရာ ယခုအခါ အစိုးရပုံနှိပ်စက်ရုံ ခုနစ်ရုံအထိ တည်ရှိလာပြီဖြစ်သည်။ ထို့အပြင် မြန်မာ့စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံ၏ စာပေအဆင့်အတန်း မြင့်မားလာရေးကို အားပေးချီးမြှင့်သည့်အနေဖြင့် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့်၊ ပခုက္ကူဦးအုံးဖေ စာပေဆုတို့ကို နှစ်စဉ်ချီးမြှင့်ခြင်း၊ မြန်မာ့စွယ်စုံကျမ်းအနှစ်ချုပ်ကို နှစ်စဉ်ထုတ်ဝေဖြန့်ချိခြင်း စသည်တို့ဆောင်ရွက်ရာတွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းသည် နိုင်ငံတော်၏လမ်းညွှန်မှုနှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုဖြင့် စာပေပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် အရေးပါလှသော မီဒီယာလုပ်ငန်းတစ်ခုဖြစ်သည့် သတင်းစာထုတ်ဝေခြင်းလုပ်ငန်းကို မြန်မာနိုင်ငံတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ဆောင်ရွက်လျက်ရှိသည်။ ၁၉၈၈ခုနှစ် မတိုင်မီကာလက သတင်းစာ ထုတ်ဝေဖြန့်ချိခြင်းလုပ်ငန်းမှာ နည်းပညာနှင့် စက်ကိရိယာအားနည်းမှု၊ ထုတ်ဝေမှုနှင့်ဖြန့်ချိမှုစနစ် အားနည်းမှုများ ရှိခဲ့သည်။

## ဆက်လက်ဖြန့်ဖြူးပေး

ယခုအခါ ကျေးရွာတိုင်း သတင်းစာရောက်ရှိရေးစီမံချက်အရ ကျေးရွာစာကြည့်တိုက်များသို့ ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းမှုပြုရာတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက တစ်စိတ်တစ်ပိုင်းပါဝင်သည့်အနေဖြင့် သတင်းစာများကို ချိုသာသောအထူးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ ထိုသို့ရောင်းချပေးရာတွင် ရခိုင်ပြည်နယ်အတွင်းမှ ရှစ်မြို့နယ်နှင့် ဧရာဝတီတိုင်းအတွင်းမှ နာဂစ်ပြန်လည်ထူထောင်ရေးဒေသ ခြောက်မြို့နယ်ရှိ ကျေးရွာများသို့ အရောက်ပို့စနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ကျေးရွာပြည်သူများ စာဖတ်ရှိန်တိုးမြင့်လာပြီး ဗဟုသုတရရှိစေရေးအတွက် သတင်းစာများဝယ်ယူလိုပါက အထူးနှုန်းဖြင့် ဆက်လက်ဖြန့်ဖြူးပေးရန်လည်း စီစဉ်ထားရှိကြောင်း သိရသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေနှင့် ကျေးရွာတိုင်းသို့ သတင်းစာလက်ဝယ်ရောက်ရှိရေး၊ ဖတ်ရှုနိုင်ရေးဆောင်ရွက်ရာတွင် ဝေးလံခေါင်သီသောနေရာဒေသများသို့တိုင် ပို့ဆောင်ရောက်ရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးမည့် စေတနာ့ဝန်ထမ်းလုပ်အားရှင်များ၊ အလှူရှင်များပေါ်ပေါက်ရေးကို စည်းရုံးဆောင်ရွက်လျက်ရှိသကဲ့သို့ ကျေးရွာများမှ စုပေါင်းဝယ်ယူသောစနစ်ဖြင့် ဝယ်ယူနိုင်ရေးအတွက်လည်း စည်းရုံးဆောင်ရွက်လျက်ရှိသည်။



ရခိုင်ပြည်နယ် သံတွဲမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ MRTV-4နှင့်ဆက်စပ်ရုပ်သံလိုင်းများ ပူးတွဲတပ်ဆင် ထုတ်လွှင့်ပေးလျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

## ဖတ်ရှုနိုင်

**ထို့အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိသော မီဒီယာခေတ်နှင့်အညီ သတင်းစာများကို တစ်နေရာတည်းမှ ရိုက်နှိပ်ထုတ်ဝေဖြန့်ချိခြင်း မပြုဘဲ မန္တလေး၊ တောင်ကြီး၊ မကွေး၊ ကျိုင်းတုံ၊ ကလေး၊ မြစ်ကြီးနား၊ စစ်တွေ၊ လားရှိုးနှင့် မြိတ်မြို့များ၌ ကိုယ်ပွားသတင်းစာတိုက်များထားရှိကာ ထိုသတင်းစာတိုက်များမှ အသီးသီး ရိုက်နှိပ်ဖြန့်ချိလျက်ရှိသည်။ ထိုသို့နိုင်ငံအနှံ့ ကိုယ်ပွားသတင်းစာတိုက်များ ထားရှိဆောင်ရွက်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းသားပြည်သူများသည် နေ့စဉ်ထုတ်သတင်းစာများကို ရက်မဆိုင်းဘဲ ဖတ်ရှုနိုင်နေပြီဖြစ်သည်။**

**အလားတူ သတင်းစာများ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကိုလည်း ပြောင်းလဲဖော်ဆောင်လျက်ရှိရာ ယနေ့ခေတ်သတင်းစာများသည် ပြည်သူများအတွက် သတင်းအာဟာရကို ဖြည့်တင်းပေးနေသော အခန်းကဏ္ဍမှ ပါဝင်နေသည်ဟု ဆိုချင်ပါသည်။**

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် ခေတ်မီရောင်စုံစက်သစ်ကြီးများ ဝယ်ယူတပ်ဆင်ထားပြီးဖြစ်ရာ နောင်တွင် ကျွန်တော်တို့အနေဖြင့် ရောင်စုံသတင်းစာများကို ဖတ်ရှုနိုင်ကြတော့မည်ဖြစ်သည်။**

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းသည်လည်း ရသကြားမှ ပေါက်ဖွားလာမည့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ကို ပြည်သူတို့ရရှိပိုင်ဆိုင်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ ယခင်က စက်ကိရိယာများမှာ နှစ်ပေါင်း ၃၀ခန့် နောက်ကျနေသည့် နှစ်လွှန်၊ သက်တမ်းလွန်စက်များသာဖြစ်ရာ ပြောင်းလဲလာသောနည်းပညာတို့ကို မျက်ခြည်ပြတ်ခဲ့ရာမှ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။ ဤသို့ဖြင့် ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်က စီစဉ်ပေးမှုဖြင့် နိုင်ငံတကာရုပ်ရှင်ထုတ်လုပ်မှုနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် စက်ပစ္စည်းအသစ်များဝယ်ယူခြင်း၊ အစိတ်အပိုင်းများလဲလှယ်တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ရာ အထိုက်အလျောက် တိုးတက်လာခဲ့သည်။ ရုပ်ရှင်ထုတ်လုပ်မှုနည်းပညာများသည် အမျိုးမျိုးပြောင်းလဲတိုးတက်နေရာ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားရေးအတွက် လိုအပ်သည့် စက်ပစ္စည်းကိရိယာများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အဘက်ဘက်ကပြည့်စုံအောင် ပံ့ပိုးကူညီထူထောင်ပေးလျက်ရှိသည်။

၂၀၀၇ခုနှစ်အတွင်း စတီရီယို အသံပြောင်းစက်၊ အရောင်ခွဲစက်၊ ရုပ်ရှင်ဖလင်ကားကူးစက် စသည့် စက်ပစ္စည်းများကို ဝယ်ယူတပ်ဆင်ပေးသွားသကဲ့သို့ ၂၀၀၈ခုနှစ်အတွင်းတွင်လည်း အဆင့်မီ HD Professional ကင်မရာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူတပ်ဆင်နိုင်ခဲ့သည်။ ထို့အတူ နေပြည်တော်တွင် Digital Cinema တည်ဆောက်နိုင်ခဲ့ရာ ရုပ်ရှင်ကဏ္ဍတွင် ခေတ်တစ်ခေတ်ကို ချင်းနင်း ဝင်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတကာရုပ်ရှင်လုပ်ငန်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိသည်။ ဤသို့ဖြင့် လာမည့်ကာလများတွင် ယခုထက် ဇာတ်လမ်းဇာတ်ညွှန်း၊ သရုပ်ဆောင်၊ အရုပ်၊ အရောင်၊ အသံအရည်အသွေးတို့ ပိုမိုကောင်းမွန်သည့်ရုပ်ရှင်များ ထုတ်လုပ်နိုင်ကြတော့မည် ဖြစ်သည်။

ကျွန်တော်စီးနင်းလိုက်ပါလာသော သင်္ဘောကြီးကား တောင်ကုတ်မြို့ကို စတင်ဝင်ရောက်နေပြီဖြစ်ရာ ခရီးသည်များက သူတို့ပါလာသော ဝန်စည်စလယ်များကို ထုပ်ပိုးသိမ်းဆည်းနေကြသည်။ ဖြတ်သန်းလာခဲ့သည့် လမ်းတစ်လျှောက်တွင် မီဒီယာကဏ္ဍအကြောင်း စိတ်ကူးကောင်းခဲ့သလို တောင်ကုတ်မြို့အထွက် တောင်ကုတ်-သံတွဲ ကားလမ်းနံဘေး သန္တိသုခစေတီတော် ကုန်းတော်ပေါ်မှ ထပ်ဆင့်လွှင့်စက်ရုံကလေး၏ မြင်ကွင်းကလည်း ပန်းသင့်လှပေသည်။ လွှင့်စက်များကို အဆင့်မြှင့်ထားပြီးပြီဖြစ်သည့်အလျောက် ဤစက်ရုံကလေးက တောင်ကုတ်မြို့နှင့် အနီးပတ်ဝန်းကျင်ကို အေးချမ်းသာယာလှသည့် နိုင်ငံတော်မြင်ကွင်းနှင့် သတင်းတို့ဖြင့် ယခင်ကထက် ပိုသကြည်မြစွာ လွှမ်းခြုံပေးနေတော့မည်ဖြစ်ရာ ဤဒေသပြည်သူတို့က မြန်မာ့မီဒီယာကဏ္ဍ တိုးတက်မှုကို သက်သေထူကြပေတော့မည်။ ။

## စမ်းချောင်း အထက(၁) ကျောင်းသားဟောင်းများ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

*ရန်ကုန် ဇန်နဝါရီ ၄*

***စမ်းချောင်း အထက(၁)တွင် ၁၉၆၅ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။***

*လှူဒါန်းနိုင်*

*၁၉၆၅-၁၉၈၀ပြည့်နှစ် ကျောင်းသားဟောင်းများအားလုံး တက်ရောက်ပူဇော်ကြပါရန်နှင့် ၁၉၆၅ခုနှစ် မတိုင်မီနှင့် ၁၉၈၀ပြည့်နှစ်လွန် ကျောင်းသားဟောင်းများလည်း မိမိတို့ မီခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား လာရောက်ပူဇော်နိုင်ကြသည်။ အလှူငွေနှင့် ပစ္စည်းများကို ဆရာဦးသိန်းမြင့် ဖုန်း-၂၄၃၇၄၈၊ ဦးလှအောင်ရွှေ ဖုန်း-၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ဦးမောင်မောင်ဌေး ဖုန်း-၅၂၆၁၃၆၂၊ ၅၀၀၄၄၂၊ ဦးစိုးနိုင် (အေးမေတ္တာကားပစ္စည်းဆိုင်၊ တောင်ဥက္ကလာပ) ဖုန်း-၅၆၄၈၀၂၊ ၀၉-၈၀-၂၂၀၇၅၊ ဦးမင်းအောင်(မင်းသီဟဆောက်လုပ်ရေးနှင့် အိမ်အလှဆင်လုပ်ငန်း) ဖုန်း-၀၉-၅၁-၂၅၄၆၂၊ ဒေါ်ညွန့်ညွန့်အေး ဖုန်း-၆၈၀၈၉၈နှင့် ဒေါ်မြင့်မြင့်စိန် (စည်ပင်) ဖုန်း-၀၉-၅၁-၁၈၅၆၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။*

*(မြန်မာ့အလင်း)*

## မြန်မာနယူးစ်ဝိခ်ဂျာနယ် ယခုအပတ်ထုတ် ဖြန့်ချီ

**ရန်ကုန် ဇန်နဝါရီ ၄**

မိမိဟိုတယ် နိုင်ငံခြားဧည့်သည်နှင့် အခန်းပြည့်လိုပါက ဆွဲဆောင်မှုရှိသော၊ ဝန်ဆောင်မှုကောင်းမွန်သော၊ အပြင်အဆင် အင်အားကောင်းသော Marketingဗျူဟာများနှင့် ကိုယ့်အားကိုယ်ကိုး စွမ်းဆောင်မှုကို အတုယူသင့်သည်များကိုလည်း အတုယူစေလို သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၀)ကို ယနေ့ဖြန့်ချိလိုက်သည်။

နှစ်သစ်တွင် နှုန်းထားအသစ်ဖြင့် ပေးဆောင်ရမည့် ဖုန်းခေါ်ဆိုခများ၊ တာဝန်သိမှုပျက်ကွက်ပြီး မေတ္တာတရားကင်းမဲ့သူများအဖြစ်သို့ ရောက်ရှိသွားသော....၊ အခြေအနေအရပ်ရပ်ကြောင့် တည်ဆောက်ရေးလုပ်ငန်းများ ရပ်နားထားခဲ့သော ပြည်တာဝါ စီမံကိန်း ပြန်လည်တည်ဆောက်နေပြီဖြစ်၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ ၂၀၀၈-၂၀၀၉ခုနှစ်အတွက် အမြတ်ငွေ ၁၂ရာခိုင်နှုန်းကို အစုရှယ်ယာရှင်များအား ၂၀၁၀ခုနှစ် ဇန်နဝါရီ ၅ရက်တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ပြန်လည်ရောင်းချလိုသူများ ဝယ်ယူမည့်သူမရှိပါက ကုမ္ပဏီမှ ပြန်ဝယ်မည်ဟု အာမခံ၍ ရှယ်ယာပြန်လည်ထုတ်ယူလိုသူများ ဝမ်းမြောက်နေ၊ လျှပ်စစ်မီးအစားထိုး ဆိုလာမီးပွိုင့်များ၌ ဘက်ထရီ အားနည်းမှုများရှိသဖြင့် ယင်းမီးပွိုင့်များရှိ ဘက်ထရီများ အသစ်ပြန်လည်တပ်ဆင်သွားမည်၊ 3G မိုဘိုင်းလ်ဖုန်း SLM Card များ မြန်မာနိုင်ငံတွင် ရောင်းချမည်၊ အများနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုအဖြစ် ဖွဲ့စည်းခွင့်ပြုခဲ့ပြီး ရတနာပုံတယ်လီပို့ကုမ္ပဏီကို ဆက်သွယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြု၊ မြန်မာအင်ဂျင်နီယာတစ်ဦးပါဝင်သည့် စင်ကာပူကုမ္ပဏီပိုင် ကုန်သင်္ဘော ဆိုမာလီဓားပြများလက်မှ ပြန်လည်လွတ်မြောက်၊ မြန်မာနိုင်ငံတွင် စွန့်ပစ်ပလတ်စတစ်ကြွပ်ကြွပ်အိတ်များဖြင့် Recycle ပြုလုပ်ထားသော ပလတ်စတစ်သစ်သားများဖြင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်တော့မည်၊ မြန်မာ့ဆိုင်းဝိုင်းများတွင် ကီးဘုတ်အပါအဝင် အနောက်တိုင်းတူရိယာပစ္စည်းများ ထည့်သွင်းတီးမှုတ်ခြင်းမပြုရ၊ ဆယ်ကျော်သက်အရွယ်တွင် လိင်ဆက်ဆံမှုပြုခဲ့သည့် အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာပိုဖြစ်နိုင်၊ ဗီလာငါးများ ပြည်ပသို့တင်ပို့နိုင်ရန် အကောင်းဆုံးစီစဉ်၊ အထပ် ၂၂ထပ်ရှိ လူနေအဆောက်အအုံတစ်ခု တရုတ်တွင် ဖြိုချမှု မအောင်မြင်ဖြစ်ပြီး နှစ်ခြမ်းကွဲသွားခဲ့၊ စင်ကာပူနိုင်ငံသည် မည်သည့်အင်အားကြီး နိုင်ငံတစ်ခု၏ ဩဇာခံမှု မဖြစ်စေရဟု စင်ကာပူဝါရင့်ဝန်ကြီး လီကွမ်ယုပြောကြား၊ အာဖဂန်ကလေးငယ် ရှစ်ဦးကို အိပ်ရာထဲမှ ဆွဲထုတ်၍ သေနတ်နှင့် ပစ်သတ်ခဲ့တဲ့ CIA များအား ချက်ချင်းအပြစ်ပေးရန် အိုဘားမားအမိန့်ပေး၊ အမေရိကန်ဗိုလ်ကျမှုအပေါ် ခေါင်းငုံ့မခံရန် ထိုးစစ်ဆင်လက်နက်များ ပိုမိုထုတ်လုပ်ရန် ရုရှားဝန်ကြီးချုပ်ပူတင် ဆော်ဩ၊ စီအိုင်အေ သတင်းပေး၏ အကူအညီဖြင့် စီအိုင်အေသုံးဦးကို ဗုံးခွဲသတ်ဖြတ်ခဲ့သော အယ်လ်ကေဒါ စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိထားသည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။

**(သတင်းစဉ်)**



# အဆင့်မြင့်နှင့် အခြေခံအိမ်တွင်းမှုသင်တန်း ဖွင့်ပွဲကျင်းပ

## တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၁ရက်က စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ကျင်းပသည့် အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၉)၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၃)၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းအမှတ်စဉ် (၉) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

### တက်ရောက်

အခမ်းအနားသို့ တိုင်း၊ ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ၊ မြို့ဖများ၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ဆရာမများနှင့် သင်တန်းသူများ တက်ရောက်ခဲ့သည်။

### ဖြည့်ဆည်းပေး

ဆက်လက်၍ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးမှ သင်တန်းနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် တိုင်းမှူးသည် သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူခဲ့သည်။ ဆက်လက်၍ တိုင်းမှူးက သင်တန်းသူများအား တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ထွန်းဖောင်ဒေးရှင်း စာမူဆုများ ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၄

**ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များ ပေါ်ထွန်းရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် "ထွန်းဖောင်ဒေးရှင်းစာပေဆု"ကို ၂၀၀၅ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများရွေးချယ်ချီးမြှင့်နိုင်ရန် စာအုပ်၊ စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့ရာ စတုတ္ထအကြိမ် ၂၀၀၉ခုနှစ်အတွက် ဆုများချီးမြှင့်ရန် ရွေးချယ်ထားသည့် စာအုပ်၊ စာမူများ စာရင်းကို ဇန်နဝါရီ ၂ရက်တွင် ထုတ်ပြန်ကြေညာသည်။**

### စိစစ်ရွေးချယ်

ထွန်းဖောင်ဒေးရှင်း စာပေဆုတွင် စာအုပ်ဆုနှင့် စာမူဆုဟူ၍ သတ်မှတ်ထားပြီး စာအုပ်ဆုအတွက် ၂၀၀၈ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များနှင့် စာမူရှင်များက ပေးပို့လာသော ပြိုင်ပွဲဝင်စာမူများကို ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေး ကော်မတီက စိစစ်ရွေးချယ်ခဲ့သည်။

ထွန်းဖောင်ဒေးရှင်း တစ်သက်တာ စာပေဆုကို ယခုနှစ်မှ စတင်၍ ချီးမြှင့်သွားမည်ဖြစ်ရာ ၂၀၀၈ခုနှစ် ထွန်းဖောင်ဒေးရှင်း တစ်သက်တာ စာပေဆုရှင်အဖြစ် ကွယ်လွန်သူ စာရေးဆရာကြီးဦးမျိုးသန့် (မောင်ဆုရှင်)အား ဂုဏ်ပြုရွေးချယ် ချီးမြှင့်လိုက်သည်။

### စာပေဆုများ

စာပေဆုများကို ဘာသာရပ် (၁၁)မျိုး သတ်မှတ်ထားပြီး တစ်မျိုးစီအတွက် မြန်မာဘာသာ(စာအုပ်/စာမူ)၊ အင်္ဂလိပ်ဘာသာ(စာအုပ်/စာမူ)ဟူ၍ ဆုလေးမျိုးစီ သတ်မှတ်ထားသည်။ ၂၀၀၈ခုနှစ်အတွက် ချီးမြှင့်မည့် ထွန်းဖောင်ဒေးရှင်း စာပေဆုများမှာ တစ်သက်တာစာပေဆုနှင့် မြန်မာစာအုပ်ဆု ကိုးဆုနှင့် မြန်မာစာမူဆု ငါးဆု၊ အင်္ဂလိပ်ဘာသာပြန်ဖြင့် စာအုပ်ဆု နှစ်ဆုနှင့် စာမူဆုတစ်ဆု စုစုပေါင်း ၁၇ဆုဖြစ်သည်။

မြန်မာစာအုပ်ဆုတွင် စီးပွားရေး၌ နန်းနန်း(ရှမ်းပြည်)၏ "ပိုးလမ်းမကြီး"၊ ကျန်းမာရေး၌ ဒေါက်တာမောင်မောင်တိတ်၏ "ဥပဒေရေးရာ ဆေးပညာ"၊ အတ္ထုပ္ပတ္တိ၌ သူရဦးထွန်းတင်၏ "ကျွန်တော်ကျင်လည်ခဲ့ရသော မြန်မာနှင့်ကမ္ဘာ"၊ သမိုင်း၌ ရဲမြလွင်၏ "သေမင်းနှင့် လက်တစ်ကမ်းအလို"၊ ကလေးစာပေ၌ အောင်ကျော်ဆန်း၏ "ရွှေနိုင်ငံ၏ ရင်သွေးရတနာ အလိမ္မာဇာတိမာန် ကဗျာများ"၊ လူငယ်စာပေ၌ မောင်သာချို၏ "သမီးဖတ်ဖို့ နှလုံးသားရှမျှော်ခင်းများ"၊ ယဉ်ကျေးမှု၌ မေမြို့ချစ်ဆွေ၏ "သမိုင်းဝင်ဖြစ်စဉ် ပြင်ဦးလွင်"၊ ရည်ညွှန်းကျမ်း၌ ဦးသန်းထိုက် (သုတေသန)၏ "ရည်ညွှန်းလုပ်ငန်းနှင့် ရည်ညွှန်းအထောက်အထားများ"နှင့် စာပဒေသာ၌ ညီပုလေး၏ "စိမ်းလန်းတဲ့ တောင်ကုန်း၊ မြင့်မားတဲ့ တောင်တန်း"တို့က ရရှိကြသည်။

### ရရှိကြ

အင်္ဂလိပ်စာအုပ်ဆုတွင် ရည်ညွှန်းကျမ်း၌ Dr. Thaw Kaung ၏ "From the Librarian's Window"၊ ရှေးဟောင်း၌ Taung Goe ၏ "U Ponnya's Chronicle on Overcoming the Siamese Incursion of 1853"၊ သမိုင်း၌ မြန်မာစာမူဆုတွင် သမိုင်း ဦးကျော်၏ "ကုန်းဘောင်ခေတ် (အေဒီ ၁၇၅၂-၁၈၈၅) ယောဒေသ"၊ စာပဒေသာ၌ မခင်နု (ဒဿန) ပြင်ဦးလွင်၏ "သစ်သီးဝလံ ပန်းမန်သစ်ပင်နှင့် မြန်မာ့အတွေးအမြင်"၊ ကလေးစာပေ၌ လူမွန် (ပခုက္ကူ)၏ "သံသာချိုလွင် ကလေးကဗျာများ"၊ လူငယ်စာပေ၌ သိပ္ပံစိုးမြင့်နိုင်၏ "လူငယ်များအတွက် လှုပ်စစ်"၊ အတ္ထုပ္ပတ္တိ၌ ကေမြူး၏ "ပြည်တော်ချစ်မင်းသားရွှေဘ၏ ဘဝနှင့် အနုပညာ ရုပ်ပုံလွှာ"နှင့် အင်္ဂလိပ်စာမူဆုတွင် Hla Thein ၏ Myanmar & the Europeans (1878-1885) တို့က ရရှိကြသည်။

### ချီးမြှင့်မည်

တစ်သက်တာစာပေဆုနှင့် စာအုပ်ဆုများအတွက် ထွန်းဖောင်ဒေးရှင်း၏ ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေကို ပူးတွဲချီးမြှင့်ပြီး စာမူဆုများအတွက် ငွေသားဆုကိုသာ ချီးမြှင့်မည်ဖြစ်သည်။

ထွန်းဖောင်ဒေးရှင်းစာပေဆုပေးပွဲကို ဇန်နဝါရီအတွင်း ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပရန် လျာထားပြီး ဆုချီးမြှင့်သည့် အခမ်းအနားကျင်းပမည့်ရက်ကို ထပ်မံကြေညာမည် ဖြစ်သည်။ ဆုရရှိကြသူများသည် ရန်ကုန်မြို့ အမှတ် (၅၃/၆၁) သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ ဖုန်း-၀၁-၂၉၁၈၈၀သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်းပေးပို့ကြရန်ဖြစ်သည်။

### ဆက်သွယ်ပေးပို့နိုင်

၂၀၀၉ခုနှစ်တွင် ထုတ်ဝေသည့် စာအုပ်များနှင့် မိမိကိုယ်တိုင်ရေးသားပြုစုထားသော စာမူများကို တင်သွင်းယှဉ်ပြိုင်လိုသော စာပေပညာရှင်များသည် ယနေ့မှ စတင်၍ စက်တင်ဘာ ၃၀ရက်အတွင်း ဖော်ပြပါ လိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၃)၊ အမှတ်(၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၄

မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)၏ ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၃)၊ အမှတ်(၁)ကို ဒီဇင်ဘာ၂၈ရက်က ထုတ်ဝေဖြန့်ချိခဲ့သည်။

ယခု ထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် မြင်းမူမောင်နိုင်မိုး၊ ဝင်းယုမောင်၊ မောင်သက်လွင်တို့၏ ကဗျာများ၊ ခင်မြန်မာ၊ သုန္ဒြာအောင်တို့၏ ကလေးလူငယ်ကဏ္ဍ၊ ဉူးမာနိတ သိရီဘိဝံသ၏ မင်္ဂလာတရားတော်၊ အရှင်ပါမောက္ခ (ကြို့ပင်ကောက်)၊ မောင်ကောင်းမြင့်၊ တက္ကသိုလ်တင်ခ၊ ဦးငွေသိမ်း(ကုမ္ပဏီလမ်းညွှန်)၊ အောင်ချိန်ဘွား၊ မောင်ခင်မင်(ဓနုဖြူ)၊ စိုးနိုင် (မန်းတက္ကသိုလ်)၊ မောင်မောင်(ယထ)၊ မေယုမောင်၊ တက္ကသိုလ်မြတ်သူ၊ ခင်မောင်အေး(မန္တလေး)၊ မောင်သန်းဝင်း (ရန်ကုန်တက္ကသိုလ်)၊ အောက်ဆီဂျင်၊ ဒေါက်တာနေလင်း၊ သောင်းထိုက်၊ မျိုးမြင့်(လှည်းကူး)၊ မျိုးညွန့် (မရမ်းကုန်း)၊ တက္ကသိုလ်သစ်တို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် ရန်ကုန်ခရီးသွားဂျာနယ် ဟာသကဏ္ဍ၊ နိုင်ငံတကာသတင်း၊ ကျန်းမာရေးကဏ္ဍနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာ ကဏ္ဍများပါဝင်သည်။

ရန်ကုန် ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ်(၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေး စာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၈၁၈၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ဆီးဂိမ်းပြိုင်ပွဲ၌ အအောင်မြင်ဆုံးဖြစ်ခဲ့သည့် ပိုက်ကျော်ခြင်းအဖွဲ့အား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိပြီး မြန်မာအားကစားအဖွဲ့များတွင် အအောင်မြင်ဆုံးအားကစားအဖွဲ့ဖြစ်ခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအဖွဲ့အား မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် ညနေ ၆နာရီခွဲက ကန်တော်ကြီးရှိ Signature Garden တွင် ကျင်းပသည်။

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အောင်ပွဲရ ပိုက်ကျော်ခြင်းအဖွဲ့အုပ်ချုပ်သူ ဦးဉာဏ်ထွန်းက ပြိုင်ပွဲအတွေ့အကြုံများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆုများပေးအပ်ချီးမြှင့်ရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ရွှေဆုရအမျိုးသားနှစ်ယောက်တွဲအသင်းအား ငွေကျပ်သိန်း ၁၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ရွှေဆုရ အမျိုးသမီးနှစ်ယောက်တွဲအသင်းအား ငွေကျပ်သိန်း ၁၀၀၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်တာဝန်ခံနာယက ဒေါ်မြင့်မြင့်စိုးက ရွှေဆုရအမျိုးသမီး ကွင်းသွင်းခြင်းခတ်အသင်းအား ငွေကျပ်သိန်း ၂၀၀တို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ငွေဆုရ အမျိုးသား ကွင်းသွင်းခြင်းခတ်အသင်းအား ငွေကျပ် ၄၈သိန်း၊ ကြေးဆုရ အမျိုးသားအသင်းအား ငွေကျပ် ၃၆သိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင် **(အပေါ်ပုံ)**က နည်းပြအဖွဲ့အား ငွေကျပ်သိန်း ၃၀၊ နည်းပြချုပ် ဦးကျော်ဇင်မိုးအား ရွှေနှစ်ကျပ်သား၊ အုပ်ချုပ်သူ ဦးဉာဏ်ထွန်းအား ရွှေသုံးကျပ်သားတို့ကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် တာဝန်ခံနာယက ဒေါ်အေးအေးမူက နိုင်ငံ့ဂုဏ်ဆောင် အမျိုးသမီးပိုက်ကျော်ခြင်း အားကစားသမားများအား ရွှေဆွဲကြိုး တစ်ကုံးစီ ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

# မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇန်နဝါရီ ၄

## ယင်းမာပင် ထန်းဇင်ကျေးရွာအလယ်တန်းကျောင်း(ခွဲ)ဖွင့်

*မုံရွာခရိုင် ယင်းမာပင်မြို့နယ် ထန်းဇင်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲကို နိုဝင်ဘာ ၂၆ရက် နံနက် ၁၀နာရီက ကျင်းပရာ ကျောင်းဆိုင်းဘုတ်ကို မြို့နယ်ဥက္ကဋ္ဌဦးစိုးလှိုင်၊ မြို့နယ်ပညာရေးမှူး ဦးစိုးတင့်အောင်နှင့်ကျေးရွာဥက္ကဋ္ဌ ဦးကြည်မိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။* (မြို့နယ် ပြန်/ဆက်)

## ကြို့ပင်ကောက်၌ လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြ

*ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့နယ် ဇီးကုန်းမြို့ သစ်ထုတ်ရေး ဒေသလက်အောက်ခံ ရွှေကျွန်းတောသစ်ထုတ်ရေးတွင် ဒီဇင်ဘာ ၂၁ရက် နံနက် ၉နာရီက ရွှေကျွန်းတောသစ်ထုတ်ရေးစခန်း စခန်းတာဝန်ခံ ဦးစိုးမြင့်နှင့်ဝန်ထမ်းများ၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးချစ်ကိုဝင်းနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်ဒုတိယတပ်ရင်းမှူး ဦးဇော်ဝင်းနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များသည် စခန်းအတွင်းမီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် မီးငြိမ်းသတ်မှု သရုပ်ပြသကြသည်။* (၁၈၀)

## ကျောက်ကြီး၌ မြို့ပြလမ်း ကတ္တရာခင်း

*ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့တွင်းလမ်းများ ကတ္တရာ လမ်းဖြစ်မြောက်ရေးစီမံချက်အရ မြို့ပြလမ်း (ငွေလုံး) လုပ်ငန်းဖြစ်သော ဇီဇဝါလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၄ရက်က အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် တာဝန်ခံအင်ဂျင်နီယာဦးမျိုးမြတ်စိုးတို့ ကြီးကြပ်ဆောင်ရွက်သည်။* (မြို့နယ်စည်ပင်)

## ကသာမြို့နယ်၌ မိုးတားလေးစံပြကျေးရွာဖွင့်

*ကသာခရိုင် ကသာမြို့နယ် မိုးတားလေးကျေးရွာအုပ်စု မိုးတားလေး စံပြကျေးရွာဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ရက်က အဆိုပါကျေးရွာမုခ်ဦးရှေ့၌ကျင်းပရာ မိုးတားလေးစံပြကျေးရွာကို ကသာခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်မိုးကြည်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းအောင်၊ ကျေးရွာဥက္ကဋ္ဌဦးမြင့်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ဌေးက မိုးတားလေး စံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။* (ခရိုင် ပြန်/ဆက်)

## ဟိုပင်၌ ကျန်းမာရေးအသိပညာပေးဟောပြော

*ကချင်ပြည်နယ် ဟိုပင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ရက်က ဟိုပင်မြို့ မြဇေယျာရပ်ကွက်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ဟိုပင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဟိုပင်မြို့ပြည်သူ့ဆေးရုံမှ ဒေါက်တာမေသီရိချိုက ငှက်ဖျားရောဂါအကြောင်းနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း ဟောပြောသည်။* (မြို့နယ် ပြန်/ဆက်)

## အခြေခံမီးသတ် အကြိုသင်တန်း ကနီ၌ဖွင့်

*စစ်ကိုင်းတိုင်း ကနီမြို့နယ် လာဘို့ကျေးရွာတွင် အခြေခံမီးသတ်အကြို သင်တန်း အမှတ်စဉ်(၆/၂၀၀၉) ဖွင့်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက်၁၀နာရီကကျင်းပရာ လာဘို့ကျေးရွာအုပ်စု၊ ဒိုင်ကြီးကျေးရွာအုပ်စု၊ ကူးဆိပ် ကျေးရွာအုပ်စု၊ ယင်းသွင်ကျေးရွာအုပ်စုများမှ သင်တန်းသား ၆၇ဦးတက်ရောက်ကြသည်။* (မြို့နယ် ပြန်/ဆက်)

## မင်းကင်း၌(၁၃)နှစ်နှင့် အောက်ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

*စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ်တွင် ၂၀၀၉-၂၀၁၀ပညာသင်နှစ်အတွက် အသက်(၁၃)နှစ်နှင့်အောက် မြို့နယ်ပညာရေးမှူးဖလား ဘောလုံးနောက်ဆုံးဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၆ရက်က အထကဘောလုံးကွင်း၌ ကျင်းပရာ နောက်ဆုံးဗိုလ်လုပွဲတွင် အထက (က) အသင်းနှင့် အထက(ခ)အသင်းတို့ယှဉ်ပြိုင်ကစားကြရာ အထက(က)အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် ပထမရရှိသွားသဖြင့် မြို့နယ်ပညာရေးမှူးက ဆုဖလားချီးမြှင့်သည်။* (၀၃၃)

## ရမည်းသင်းစာပေနှင့် စာနယ်ဇင်း အမှုဆောင်သစ်ရွေးချယ်

*ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်မျက်နှာစုံညီအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ရက် မွန်းလွဲ ၁နာရီက မြို့နယ်မော်တော်ယာဉ်အသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ရွေးချယ်ခံမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးစိုးမြင့်နှင့် အဖွဲ့ဝင်သုံးဦး သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြသည်။* (၁၆၉)

## ရေဦး၌ စာပေဘာသာရပ်ထူးချွန်စာမေးပွဲဖြေဆို

*ရေဦးမြို့နယ် ပညာရေးဌာနကကြီးမှူးကျင်းပသော စတုတ္ထတန်းမြို့နယ်အဆင့် စာပေဘာသာရပ်ထူးချွန်ဆု ရွေးချယ်ရေးစာမေးပွဲကို ရေဦးမြို့ အထက(၁) မြတ်လေးဆောင်၌ နိုဝင်ဘာ ၂၆ရက်မှ ၂၈ရက်အထိကျင်းပရာ စတုတ္ထတန်း ကျောင်းသားကျောင်းသူ ၂၂၄ဦး ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြသည်။* (၀၃၄)

## ခင်ဦး၌ နွေစပါးစီမံကိန်းအောင်မြင်ရေးဆောင်ရွက်

*ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် ခင်ဦးမြို့ မြကန်သာရပ်ကွက် ဓမ္မာရုံ၌ ၂၀၀၉-၂၀၁၀ခုနှစ် နွေစပါးစီမံကိန်း အောင်မြင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ရက်ကကျင်းပရာ မြို့နယ်စာရင်းစစ်အရာရှိ ဦးဝင်းကြိုင်က အဖွင့်အမှာစကားပြောကြားပြီး ဆည်မြောင်းဦးစီးဌာန ဒု-အကောက်ခွန်မှူး ဦးအောင်ဇော်မိုး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှစာရေး ဦးဇော်လင်းဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးအောင်မင်း တို့က နွေစပါးလျာထားဧက ၇၀၀ပြည့်မီကျော်လွန် အောင်မြင်ရေး နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။* (၁၈၂)

# (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား သဝဏ်လွှာများဖတ်ကြား



မှော်ဘီမြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးလွင် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)



အင်းစိန်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေ သဝဏ်လွှာဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)



ရွှေပြည်သာမြို့နယ်ဥက္ကဋ္ဌ ဦးညီညီအောင် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)



ထန်းတပင်မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုး သဝဏ်လွှာဖတ်ကြားစဉ်။ (၁၈၃)



ဗိုလ်တထောင်မြို့နယ်ဥက္ကဋ္ဌ ဦးဆန်းမော် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)



ကမာရွတ်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်တင် သဝဏ်လွှာဖတ်ကြားစဉ်။ (မြန်မာ့အလင်း)



ဗဟန်းမြို့နယ်ဥက္ကဋ္ဌ ဦးအောင်မွန်လတ် သဝဏ်လွှာဖတ်ကြားစဉ်။ (၁၃၅)



သန်လျင်မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်း သဝဏ်လွှာဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)



ကြည့်မြင်တိုင်မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဦး သဝဏ်လွှာဖတ်ကြားစဉ်။ (၁၆၄)



တွံတေးမြို့နယ်ဥက္ကဋ္ဌ ဦးအောင်စံသာ သဝဏ်လွှာဖတ်ကြားစဉ်။ (၁၀၅)



စမ်းချောင်းမြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင် သဝဏ်လွှာဖတ်ကြားစဉ်။ (၁၀၃)



သင်္ဃန်းကျွန်းမြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင် သဝဏ်လွှာ ဖတ်ကြားစဉ်။ (၁၂၁)



လှိုင်သာယာမြို့နယ် ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးခင်မောင်စိန် သဝဏ်လွှာ ဖတ်ကြားစဉ်။(၀၉၇)

## လွတ်လပ်ရေးနေ့ အခမ်းအနား ဖလမ်း၌ ကျင်းပ

ဖလမ်း ဇန်နဝါရီ ၄

၂၀၁၀ခုနှစ် (၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်က ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက် လွတ်လပ်ရေး ကျောက်တိုင်၌ ကျင်းပရာ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖတ်ကြား

ထို့နောက် ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နံနက် ၇ နာရီက ဖလမ်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို ခရိုင်ဥက္ကဋ္ဌ ဦးခင်ဝင်းက ဖတ်ကြားသည်။

### ဆုများချီးမြှင့်

ယင်းနောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများကို ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ စမ်းချောင်း၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲ၊ သားကောင်းမိခင်နှင့်လွတ်လပ်ရေးမောင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက စမ်းချောင်း အထက(၂) စံပယ်ခန်းမ၌ ကျင်းပသည်။

### အထူးဆု

ရှေးဦးစွာ အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန်းက အဖွင့်အမှာ စကားပြောကြားပြီး အထူးဆုရ ကြည့်မြင်တိုင်မြို့နယ်မှ သုံးမြွှာပူးကလေး မိခင်အား ဆုများ ချီးမြှင့်သည်။

### သားကောင်းမိခင်

ဆက်လက်၍ လွတ်လပ်ရေးမောင်ဆုရ လှိုင်မြို့နယ်နှင့် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆု ရရှိသူများ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ တစ်နှစ်ခွဲ၊ နှစ်နှစ်နှင့် သားကောင်းမိခင်ဆု ရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။ (၁၀၃)

5-1 (12).pmd 1 1/5/2010, 2:34 AM

## မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မင်္ဂလာဒုံမြို့နယ် လိုင်းအမှတ် ၃၇၆၁ (အ-၆)နေ ဦးထွန်းမြင့်-(ဒေါ်ထွေးတင်)တို့၏သား၊
တကကာ-နေလင်းခိုင်-မအေးအေးသက်တို့၏မောင်၊
**ဗိုလ်ကြီးရန်နိုင်ထွန်း(ငြိမ်း) B.A (Myanmar)**
ဦးစီးအရာရှိ(သံစုံ) **MRTV** နေပြည်တော်တပ်ကုန်း
နှင့်
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်(၄)လမ်း၊ အမှတ် ၅၈၂နေ
ဦးထွန်းအောင်(ဦးစီးမှူး-ငြိမ်း၊ မွန်ပြည်နယ်သမဝါယမဦးစီးဌာန)-ဒေါ်အုန်းရှင်တို့၏သမီး
ကိုသန်းထွန်းဦး(Cosco Co.,Ltd.)၊ ကိုနေလင်းထွန်း(နဝရတ် Co.,Ltd.)တို့၏ညီမ၊ အစ်မ
**မတင်တင်မြတ် B.A (I.R),Dip in English, MPA (Thesis)**
အသံလွှင့်ကျွမ်းကျင်(၁) **MRTV**နေပြည်တော်တပ်ကုန်း

တို့၏ ၂-၁-၂၀၁၀ရက်တွင် ရန်ကုန်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**ဗိုလ်ကြီး ရန်နိုင်ထွန်း(ငြိမ်း)-မတင်တင်မြတ်။**

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၃(ခ)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်၉၄(E)နေ
ဦးအေးသူ-ဒေါ်အေးအေးမာတို့၏ သားလတ်၊
ဦးလှသွင်-ဒေါ်မြတ်သူခင်တို့၏ တူသား
**မောင်ကျော်ဇင်လင်း(ခ)လမင်း**
**B.A(B.M), Second Officer (F.G), (JSM International Co., Ltd.)**
နှင့်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ သစ္စာလမ်းသွယ်၊ အမှတ် ၁၂၄(A)နေ
ဦးဝင်းလှိုင်-ဒေါ်လှလှဝင်းတို့၏ သမီးငယ်
**မဝင့်ဝင့်ခိုင် (ခ) အိပုံ့**
**B.A(Eng), Dip in Chinese, YUFL**

တို့သည် ၁၈-၁၁-၂၀၀၉ရက်(ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်ဇင်လင်း-မဝင့်ဝင့်ခိုင်။**

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၀လမ်းနေ ဦးရဲနိုင်-ဒေါ်အေးအေးခိုင်တို့၏သားကြီး
**မောင်မင်းဆွေ**
**B.A (English) U.D.E**
**EGTI (Mechanical Power), Insein**
**IADCS (NCC.UK)**
**SURVEYOR (SGS Pte. Ltd. Singapore)**
နှင့်
ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြစ္စာညိုအိမ်ရာနေ
ဦးစိုးတင့်-ဒေါ်မြရီတို့၏ သမီးကြီး
**မဝတ်ရည်စိုး**
**B.E (Civil) Y.T.U**
**M.Sc (Civil Engineering), National University of Singapore**
**Resident Engineer (AE Com Pte. Ltd. Singapore)**

တို့၏ ၃၁-၁၂-၂၀၀၉ရက်တွင် Yuzana Garden Hotel မင်္ဂလာခန်းမ၌ ကျင်းပပြီးစီးသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဗိုလ်ချုပ်စောထွန်း ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး(ငြိမ်း)နှင့် ဇနီးဒေါ်မြင့်မြင့်ကို အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဦးခင်မောင်ရင် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး(ငြိမ်း) နှင့် ဇနီး ဒေါ်ခင်ခင်သန်းအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော မဂျူးသက်မွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဖန်းကိုင်ဆောင်ပေးသော မသဲသဲ၊ သတို့သားအရံ မောင်နေသူအောင်နိုင်နှင့် သတို့သမီးအရံ မရူပသဥ္ဇာစိုးတို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုပေးပါသော The Aces Music Bandအဖွဲ့၊ မိတ်ကပ်နှင့် ဆံပင်ဖန်တီးပေးသော အောင်အောင်နှင့်အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Yuzana Garden Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာလက်ဆောင်များချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသော လူကြီးမင်းများနှင့်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်မင်းဆွေ-မဝတ်ရည်စိုး။**

## ကမ္ဘောဇဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ တစ်ချက်တည်းကျင်းဝင်

လားရှိုး ဇန်နဝါရီ ၄

၂၀၀၉ခုနှစ် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ကမ္ဘောဇဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ရက်မှ ၂၃ရက်အထိ ကျင်းပခဲ့သည်။ ပြိုင်ပွဲအတွင်း ဒီဇင်ဘာ ၂၂ရက်က လားရှိုး(ဆ) အသင်းမှ ဒေါက်တာ နန်းကိန်ဖောင်းတစ်က ကမ္ဘောဇဖလား ပါဝင်ယှဉ်ပြိုင်ရာ ညနေ ၃နာရီခန့်က ကျင်းအမှတ် ၁၂၌ ဘောလုံးအမျိုးအစား Tour Special ဘောလုံးကို ကိုက် ၂၀၀ အကွာအဝေးမှ Big Berther No.1 Driver တုတ်ဖြင့်ရိုက်ရာ Hole in One ဝင်သွားခဲ့ကြောင်းသိရသည်။ ၄င်းနှင့်အတူ ကစားဖော်များအဖြစ် ဒေါ်နန်းခမ်းရင်(လားရှိုး)၊ ဒေါ်နန်းငွေကြည် (ကျိုင်းတုံ)၊ ဒေါ်နန်းမိုဟွမ် (ကျိုင်းတုံ)၊ ဒေါ်ရီရီနွယ် (လားရှိုး) တို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

**ဇန်နဝါရီ ၄ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အထက(၂)ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလှိုင် ဖတ်ကြားစဉ်။**
(မြန်မာ့အလင်း)




## အမြန်ဆက်သွယ်ပါ

သမီး မစိုးစန္ဒီ(ခ)ဒီးဒီး ၈/အလန(နိုင်)၁၃၇၆၂၁ အဖေနှင့်အမေ စိတ်ပူနေသည်။ အားလုံးခွင့်လွှတ်သည်။ အမြန်ပြန်လာပါ။



## မိခင်နှင့်မွေးကင်းစကလေးကျန်းမာရေး မြှင့်တင်ရေးညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာရေးလုပ်ငန်းမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၄ရက်နံနက် ၁၀နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ကျင်းပသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်လင်းက မိခင်၊ မွေးကင်းစနှင့်ကလေးကျန်းမာရေး ထောင်စုနှစ်ရည်မှန်းချက်များကို ရှင်းလင်းပြောကြားပြီး ၄င်းရည်မှန်းချက်များ အောင်မြင်စေရန်အတွက် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

## သန်လျင် အထက (၁) ငွေရတုမြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၄

သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၅)ကြိမ်မြောက် ငွေရတု မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၉ရက် (စနေနေ့)နံနက် ၈နာရီတွင် အထက (၁) ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ငွေရတု မြတ်ဆရာပူဇော်ပွဲတွင် သက်ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၁၁၀တို့အား ပူဇော် ကန်တော့မည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



ဇန်နဝါရီ ၄ရက်က ဒေါပုံမြို့နယ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အထက(၁) ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနိုင် ဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)





**ဇန်နဝါရီ ၄ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ငြိမ်း ဖတ်ကြားစဉ်။**
(၁၂၃)



ဇန်နဝါရီ ၄ရက်က အလုံမြို့နယ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)



ဇန်နဝါရီ ၄ရက်က တောင်ဥက္ကလာပမြို့နယ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ် ဥက္ကဋ္ဌ ဦးချစ်သိန်း ဖတ်ကြားစဉ်။
(၁၁၉)

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ ရေးသားသည် - စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)



## ရေခဲချောင်းတုတ်များဖြင့် ပြုလုပ်ထားသည့် အမြင့်ဆုံးရဲတိုက်

အမေရိကန်နိုင်ငံ ကွန်နက်တီကက်ပြည်နယ် ဝါတာဘာရီမြို့ရှိ မက်တာတက်ခ်အနုပညာနှင့် ရှေးဟောင်းပြတိုက်၌ ပြသထားသည့် အမြင့် ၁၂ ပေရှိ ရဲတိုက်ပုံစံငယ်တစ်ခုမှာ ရေခဲချောင်းတုတ်များဖြင့် ပြုလုပ်ထားသည့် ကမ္ဘာ့အမြင့်ဆုံးရဲတိုက်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။ (အပေါ်ပုံ) အဆိုပါရဲတိုက်ကို စတီဖန်ဂူမန် အမည်ရှိ အမျိုးသားတစ်ဦးက ရေခဲချောင်းပြုလုပ်ရာတွင် အသုံးပြုသည့်တုတ်ချောင်း ၃၉၆၀၀၀ နှင့် ကော်ရည် လေးဂါလန်ကိုအသုံးပြုပြီး တစ်နှစ်ခွဲခန့်အချိန်ယူကာပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ စတီဖန်ဂူမန်သည် အသက် ကိုးနှစ်အရွယ်မှစတင်ကာ ရေခဲချောင်းတုတ်များကို အသုံးပြု၍ ငှက်အိမ်လေးများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)



## တစ်ရက်အတွင်း အများဆုံး ဟင်းပွဲပြင်ဆင်မှု

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မြောက်ဘက် ကျူဇွန်မြို့၌ ဖိလစ်ပိုင်စားဖိုမှူးများနှင့် သင်တန်းသားသင်တန်းသူများစုပေါင်း၍ တစ်ရက်တည်းဟင်းပွဲ ၅၈၄၅ပွဲကို ပြုလုပ်ခဲ့ကြရာ တစ်ရက်အတွင်း ဟင်းပွဲပြင်ဆင်မှုအများဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။ **(အပေါ်ပုံ)** ဟင်းပွဲများမှာ ဒိန်ခဲများအသုံးပြု၍ ပြုလုပ်ထားသော ဟင်းပွဲများဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ နာမည်ကျော် အချက်အပြုတ်သင်တန်းကျောင်းများမှ စားဖိုမှူးများက အကောင်းဆုံး ဒိန်ခဲဟင်းလျာများကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းမှာ ၂၀၀၇ခုနှစ်၌ အိန္ဒိယနိုင်ငံတွင် တစ်ရက်တည်း ဟင်းပွဲ ၄၆၆၈ပွဲ ခင်းကျင်းနိုင်မှုစံချိန်ကို ကျော်လွန်ခဲ့ခြင်းဖြစ်သည်။

**(အင်တာနက်)**



## ပလတ်စတစ်ပုလင်းများဖြင့် ပြုလုပ်ထား ကမ္ဘာပေါ်တွင် အရှည်ဆုံးတံတား

ဗြိတိန်နိုင်ငံ အီလိုင်းမြို့ရှိ မြို့သူမြို့သားများစုပေါင်း၍ နွားနို့ပလတ်စတစ်ပုလင်းပေါင်း ၁၄၁၀၀၀ ဖြင့် အရှည် ၃၆ မီတာရှိသည့် တံတားတစ်စင်းကိုတည်ဆောက်ခဲ့ရာ ကမ္ဘာပေါ်တွင် ပလတ်စတစ်ပုလင်းများဖြင့် ပြုလုပ်ထားသည့် အရှည်ဆုံးတံတားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။(အပေါ်ပုံ)

(အင်တာနက်)

# မြေထဲပင်လယ်မှ မိုနာကိုနိုင်ငံ

## နိုင်ငံတကာ သတင်းအက်ဆေး

တိုး ရေးသားသည်




မိုနာကိုနိုင်ငံသည် မြေထဲပင်လယ် အနောက်မြောက်ကမ်းခြေဒေသတွင် တည်ရှိသည်။ ဤနိုင်ငံသည် ဗာတီကင်နိုင်ငံပြီးလျှင် ကမ္ဘာပေါ်၌ ဒုတိယအငယ်ဆုံးနိုင်ငံဖြစ်သည်။ စတုရန်းကီလိုမီတာ ၁ဒသမ၉၅ မျှသာကျယ်ဝန်းသည်။

### လောကနိဗ္ဗာန်

ဤနိုင်ငံသည် ရာသီဥတုသာယာသည်။ ရှုခင်းအလှအပ ကြွယ်ဝသည်။ နိုင်ငံအေးချမ်းသည်။ ထို့ကြောင့်ပင် ကမ္ဘာလှည့်ခရီးသည်များ ခြေချင်းလိမ်နေခြင်းဖြစ်သည်။ အကျိုးပြုသော အခွန်အတုတ်စနစ်ကြောင့် ချမ်းသာသူတို့၏ လောကနိဗ္ဗာန်ဘုံကလေး ဖြစ်နေသည်။

### ထွက်ပေါက်

စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးသည့် ဤနိုင်ငံကလေးကို ပြင်သစ်နိုင်ငံက သုံးဖက်သုံးတန်မှ ဝိုင်းပတ်ကာရံထားသည်။ အဇူယာဆိပ်ကမ်းသာလျှင် ဤနိုင်ငံ၏ မြေထဲပင်လယ်ထွက်ပေါက်ဖြစ်သည်။

ခရီးသွားလုပ်ငန်းက နိုင်ငံ့စီးပွားရေးကို များစွာအထောက်အပံ့ဖြစ်သည်။ မွန်တီကာလိုတွင် လောင်းကစားသမားများ စုပြုံရောက်ရှိနေတတ်သည်။ နှစ်စဉ် မေလတွင် မိုနာကိုနိုင်ငံ၌ ကားပြိုင်ပွဲဖြင့် စည်စည်ကားကားရှိလှသည်။

### အစောင့်အရှောက်ခံ

ဂျီနိုအာမှ ပြည်ပြေးဂရီမာဒီမျိုးနွယ်ဝင်တစ်ဦးဖြစ်သည့် ဖရန်ကွိုင်သည် ၁၂၉၇ ခုနှစ်တွင် မိုနာကိုအုပ်ချုပ်သူများ၏ ခံတပ်ကိုသိမ်းလိုက်သည်။ ၁၄၀၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းတွင် မိုနာကိုနိုင်ငံ၏ အချုပ်အခြာအာဏာကို ဆာဗွိုင်းနယ်စား၊ ပြင်သစ်ဘုရင်နှင့် ပုပ်ရဟန်းမင်းကြီးတို့က အသိအမှတ်ပြုသည်။ ၁၅၂၄-၁၆၄၁ ခုနှစ်များတွင် ဂရီမာဒီမျိုးနွယ်စုက စပိန်နှင့် မဟာမိတ်ဖွဲ့ပြီးနောက် မိုနာကိုမှာ စပိန်အစောင့်အရှောက်ခံ ဖြစ်လာခဲ့သည်။

### လွတ်လပ်ရေး

၁၈၁၄ ခုနှစ်မှ ၁၈၆၀ ခုနှစ်တိုင် ဆာဒီးနီးယားအစောင့်အရှောက်ခံ ဖြစ်လာပြန်သည်။ ၁၈၆၁ ခုနှစ်တွင် လွတ်လပ်ရေးရသည်။ ၁၉၁၁ ခုနှစ်တွင် မိုနာကိုနိုင်ငံ၏ ပထမဆုံးဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည်။ နိုင်ငံတော်အကြီးအကဲမင်းသားကြီးနှင့် ပူးတွဲဥပဒေပြုရန် အမျိုးသားကောင်စီကို ရွေးချယ်ပေးရသည်။ ၁၉၂၉ ခုနှစ်တွင် ပထမဆုံး မိုနာကိုကားပြိုင်ပွဲ ကျင်းပသည်။

### လက်ထပ်

၁၉၄၉ ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲ လူဝီ-၂ ကွယ်လွန်သဖြင့် မြေးတော်မင်းသားကြီး ရိန်နာ-၃ အရိုက်အရာဆက်ခံသည်။ မင်းသားကြီး ရိန်နာ-၃ သည် ၁၉၅၆ ခုနှစ်တွင် ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂရေ့စ်ကယ်လီနှင့် လက်ထပ်ခဲ့သည်။

### အခြေခံဥပဒေသစ်

၁၉၅၉ ခုနှစ်တွင် ဘတ်ဂျက်ပြဿနာကြောင့် မင်းသားကြီးရိန်နာ-၃က အမျိုးသားကောင်စီကို ဖျက်သိမ်းသည်။ ၁၉၆၂ ခုနှစ်တွင် အမျိုးသားကောင်စီ ပြန်လည်ပေါ်ပေါက်လာပြီး ပိုမိုလိုက်လျောသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုပြဋ္ဌာန်းသည်။ ၁၉၈၂ ခုနှစ်တွင် မင်းသမီး ဂရေ့စ်ကယ်လီ ကားမှောက်ပြီး ကွယ်လွန်သွားခဲ့သည်။

### ကုလသမဂ္ဂ

၁၉၉၃ ခုနှစ်တွင် မိုနာကိုနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် အငယ်ဆုံးနိုင်ငံဖြစ်သည်။ ၂၀၀၅ခုနှစ် ဧပြီလတွင် နိုင်ငံတော်အကြီးအကဲ မင်းသားကြီး ရိန်နာ-၃ အသက်(၈၁)နှစ်အရွယ်တွင် ကွယ်လွန်သည်။ ထိုနှစ် ဇူလိုင်လတွင် မင်းသားကြီး အဲဘတ်နိုင်ငံ့အကြီးအကဲရာထူးဆက်ခံသည်။ မည်သို့ပင်ဖြစ်စေ မင်းသားကြီးရိန်နာ-၃မှာ ကွယ်လွန်ချိန်အထိ ဥရောပတစ်ခွင်တွင် သက်တမ်းအရှည်ဆုံး ဘုရင်တစ်ပါးအဖြစ် ထင်ရှားခဲ့သည်။ ။

**ကိုးကား-အင်တာနက်**

**ဤနိုင်ငံသည် ရာသီဥတုသာယာသည်။ ရှုခင်းအလှအပ ကြွယ်ဝသည်။ နိုင်ငံအေးချမ်းသည်။ ထို့ကြောင့်ပင် ကမ္ဘာလှည့်ခရီးသည်များ ခြေချင်းလိမ်နေခြင်းဖြစ်သည်။ အကျိုးပြုသော အခွန်အတုတ်စနစ်ကြောင့် ချမ်းသာသူတို့၏ လောကနိဗ္ဗာန်ဘုံကလေး ဖြစ်နေ။**

## ဘဝဒဿန

- Harmony in human relationships is a man's greatest asset. Don't permit anyone to rob you of your share.
  လူသားအချင်းချင်း ဆက်ဆံရေးတွင် အပြန်အလှန်နားလည်မှုရှိပြီး သဟဇာတဖြစ်မှုသည် လူတစ်ဦး၏ အဖိုးတန်ဆုံး ပိုင်ဆိုင်မှုပစ္စည်းဖြစ်သည်။ ၎င်းကို မည်သူကမျှ လုယူမသွားပါစေနှင့်။
- A closed mind stumbles over the blessings of life without recognizing them.
  စိတ်ကူးစိတ်သန်းအသစ်အဆန်းများကို လက်မခံနိုင်သော စိတ်သည် ဘဝ၏ ကောင်းကွက်များကို ခလုတ်တိုက်မိသော်လည်း သတိမထားမိတတ်ချေ။

(နပိုလီယံဟီးလ်)

## ဘာရောဂါလဲ ... ဘဝအမောပြေ

**ကျန်းမာရေးကောင်းမွန်လာသဖြင့် ဆေးရုံမှဆင်းလာသောခင်ပွန်းသည်က အခြားအမျိုးသမီးများကိုသာ စိတ်ဝင်စားနေသဖြင့် ဇနီးဖြစ်သူက ဆရာဝန်ထံလာရောက်မေးမြန်းလေသည်-**

**ဇနီး** ။ ။ဒေါက်တာကျွန်မခင်ပွန်းကို ဘယ်လိုများကုသပေးလိုက်တာလဲရှင်။
**ဆရာဝန်** ။ ။ဘာဖြစ်လို့လဲဗျာ။
**ဇနီး** ။ ။ဆေးရုံကဆင်းလာကတည်းက ကျွန်မကို ကြည့်လည်း မကြည့်တော့ဘူး။ စိတ်ဝင်စားမှုလည်း မရှိတော့ဘူး။
**ဆရာဝန်** ။ ။သြော်...
**ဇနီး** ။ ။အရင်က ကျွန်မအပေါ် အရမ်းဂရုစိုက်တယ်။ အရမ်းလှတာပဲ ဆိုတဲ့စကားကိုလည်း အမြဲတမ်းပြောတယ်။ အခုတော့ အကုန်ပြောင်းလဲကုန်ပြီ။
**ဆရာဝန်** ။ ။ဒီ့ထက် ခင်ပွန်းဖြစ်ခဲ့တဲ့ရောဂါကို မသိဘူးထင်တယ်။
**ဇနီး** ။ ။ဘာရောဂါမို့လို့လဲ။
**ဆရာဝန်** ။ ။စိတ်ရောဂါ
**ဇနီး** ။ ။**'ရှင်'**



# (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု လွတ်လပ်ရေးမော်ကွန်းဝင်များအား မှော်ဘီ၌ ချီးမြှင့်ငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီမှ မြို့နယ်အတွင်းရှိ သက်ရှိထင်ရှားရှိနေသည့် လွတ်လပ်ရေးမော်ကွန်းဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁ ရက်က မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီရုံးခန်းမ၌ ကျင်းပရာ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးအေးမင်းမောင်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အခမ်းအနားတွင် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) ခြောက်ဦးနှင့် (တတိယဆင့်) လေးဦးတို့အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်းကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်ရာ မော်ကွန်းဝင်များကိုယ်စား မော်ကွန်းဝင် (တတိယဆင့်) ဗိုလ်ကြီးအောင်မင်း(ငြိမ်း)က လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အထက(၂)တောင်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

*ရန်ကုန် ဇန်နဝါရီ ၄*

*တောင်ဥက္ကလာပ အထက(၂)တွင်ပညာသင်ကြားခဲ့ကြသော တပည့်ဟောင်းများက ဆရာကြီး ဆရာမကြီးများအား (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်( ပြည်ထောင်စုနေ့ )နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဒေါ်စံစံ(ကျောင်းအုပ်ဆရာမကြီး)ဖုန်း-၅၆၃၃၃၇၊ ဦးဇော်ဝင်း ဖုန်း-၅၇၃၀၉၄၊ ၀၉-၅၀၉၇၇၆၈၊ ဒေါ်သီသီတင် ဖုန်း-၀၉-၅၅၀၁၄၃၀၊ ဒေါ်ယဉ်ယဉ်ဌေး ဖုန်း-၅၇၀၈၅၇၊ ၀၉-၅၁၃၂၃၅၅၊ ဒေါ်ခင်ငြိမ်းမိုး ဖုန်း-၅၇၁၅၇၆၊ ၀၉-၅၀-၇၇၉၅၄၊ ဦးဝင်းလှိုင် ဖုန်း-၅၆၄၄၀၀၊ ၇၀၀၀၂၆၊ ဦးလှဝင်း တစ်ဆင့်ဖုန်း-၅၆၉၃၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။* **(၁၁၉)**



# ဖျာပုံ၌ ဘိုးဘွားရိပ်သာတည်ဆောက်ရေး အလှူငွေပေးအပ်

ဖျာပုံ ဇန်နဝါရီ ၂

ဖျာပုံမြို့ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာအတွင်းရှိ ရသာဆောင်ပြန်လည်တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါဘိုးဘွားရိပ်သာတွင် ကျင်းပသည်။ အလှူငွေပေးအပ်ပွဲသို့ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာ နာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ထင်နှင့်အဖွဲ့ဝင် ဒုတိယရဲမှူးအေးကြူ၊ အတွင်းရေးမှူး ဦးညီညီထွန်း၊ ရိပ်သာကြီးကြပ်မှုကော်မတီဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် (ဦးကျင်သောင်း)-ဒေါ်ကျင်စိန်**(အပေါ်ပုံ)**သမီးမဘောဘီသောင်း၊ သား မောင်ဥက္ကာတို့အားရည်စူး၍ ကျန်ရစ်သူမောင်နှမတစ်စုက အလှူငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ရိပ်သာနာယက မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ထင်၊ ဒုတိယရဲမှူးအေးကြူနှင့် အတွင်းရေးမှူးဦးညီညီထွန်းတို့က လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**





ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၁၀/မြောက်ရပ်ကွက် ကွေ့မအိမ်ရာတွင် ဒီဇင်ဘာ၂၇ရက်က ရွာဝဏ်စာကြည့်တိုက်ဆောက်လုပ်ရန်ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံစောလှိုင်၊ ရပ်ကွက်ဥက္ကဋ္ဌဦးအောင်မြင့်နှင့် စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဝင်များက ပန္နက်တင်ပေးကြစဉ်။ (၁၁၆)

## ကျေးရွာစာကြည့်တိုက်များ စာငှားကတ်စနစ်ကျင့်သုံးရေး ကွင်းဆင်းဆောင်ရွက်

ကရသူရိ ဇန်နဝါရီ ၁

ကော့သောင်းခရိုင် ကရသူရိမြို့နယ်အတွင်းရှိ ကြိမ်မဲတောင်ကျေးရွာ၊ ကမ်းတော်ကျေးရွာ၊ အုန်းပင်အော်ကျေးရွာနှင့် ဟန်ကချင်းကျေးရွာများရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ ဒီဇင်ဘာ ၁၄ရက်နှင့် ၁၅ ရက်တို့တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန့်လေးလေးခင်သိန်းနှင့်အဖွဲ့သည် စာကြည့်တိုက်များ စာငှားကတ်စနစ်ကျင့်သုံးရေး ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန့်လေးလေးခင်သိန်းက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အားလေးအား လိုအပ်ကြောင်း၊ စာငှားကတ်စနစ်ကျင့်သုံးရေးနှင့် ငွေပဒေသာပင်များ စိုက်ထူရေးတို့ကို စည်းရုံးဆောင်ရွက်ခဲ့ပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**



# သစ်ရာအိုက်ကျေးရွာ အလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲ ဒီပဲယင်းမြို့နယ်၌ ကျင်းပ

ဒီပဲယင်း ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် သစ်ရာအိုက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက သစ်ရာအိုက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် နဂါးတွင်း အခြေခံပညာအလယ်တန်း ကျောင်းအုပ်ကြီး ဦးဇော်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်က အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းကြည်က ပညာရေးဆိုင်ရာ ကဏ္ဍများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင် ဦးဌေးဝင်းက ကျေးရွာပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားပြီး ဖွင့်ပွဲအထိမ်းအမှတ်အလံကို မြို့နယ်ဥက္ကဋ္ဌထံ ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းခွဲ ကျောင်းဆောင်သစ်အတွက် ပဲခူးမြို့နေ ဦးဗိုလ်ဝင်း-ဒေါ်ချိုချိုမာ(KSW Co.,Ltd.)မိသားစုက အလှူငွေကျပ် ၁၀ သိန်းကို လှူဒါန်းပြီး မြို့နယ် ဥက္ကဋ္ဌ ဦးကျော်နိုင်က ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၂၀၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဇော်မင်းက ကျောင်းသုံးဗလာစာအုပ် ၁၅ဒါဇင်၊ မြို့နယ်ပညာရေးမှူး ဦးဝင်းကြည်က ကျောင်းသုံးဗလာစာအုပ် ၁၅ ဒါဇင်တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီး ဦးမင်းနိုင်က လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# လွတ်လပ်ရေးနေ့ ဂုဏ်ပြုဟောပြောပွဲ မော်လိုက်တွင် ကျင်းပ

မော်လိုက် ဇန်နဝါရီ ၂

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၉နာရီက မော်လိုက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မော်လိုက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီရှိန်က လွတ်လပ်ရေးနေ့ အကြောင်းသိကောင်းစရာများ၊ အမျိုးသားရေးတာဝန်နှင့်အနာဂတ်ခေါင်းဆောင်များ ခေါင်းစဉ်ဖြင့် ဟောပြောသည်။

အဆိုပါအခမ်းအနားသို့ မော်လိုက်မြို့နယ် ပညာရေးမှူး ဦးကြည်၊ လက်ထောက်ပညာရေးမှူး ဦးစိုးတင့်၊ ကျောင်းဆရာကြီး ဦးဇော်ဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

# စံ(၅)ချက်နှင့်ညီညွတ်သည့် စာကြည့်တိုက်များဖြစ်ရေး တောင်ဥက္ကလာပ၌ ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီညွတ်သည့် စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက်၁၀နာရီက (၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဖွင့်လှစ်ထားသော စာပေအလင်းရောင်စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။ ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်ခင်စီက စံ(၅)ချက်နှင့်ညီညွတ်သည့် စာကြည့်တိုက်ဖြစ်ပေါ်လာအောင်ကြိုးပမ်းကြရန် ဆွေးနွေးပြီး ရပ်ကွက်ဥက္ကဋ္ဌဦးအောင်မျိုးက စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြန်လည်ရှင်းလင်း တင်ပြသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**



# ရေတာရှည်မြို့နယ်အသင်း နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၄

ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် စက်မှု(၁)ဝန်ကြီးဌာန မြှောရုံ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်း၌ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ရေတာရှည်မြို့နယ်သူ မြို့နယ်သားများ၏ သားသမီးများမှ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများသည် ဦးမောင်မောင်ကြည် ဖုန်း-၀၉-၈၀၄၂၄၇၁၊ ဦးနေဆန်း ဖုန်း-၃၈၄၄၂၁၊ ဦးကိုကိုလေး ဖုန်း-၀၉-၅၀၁၀၂၁၄၊ ဦးရဲမြင့် ဖုန်း-၇၀၆၇၂၂နှင့် ဦးခင်မောင်သိန်း ဖုန်း-၀၉-၅၁၁၉၄၁၇ တို့သို့ ဇန်နဝါရီ ၈ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# အထက(၂)မအူပင် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၄

အထက(၂)မအူပင်(ယခင် ABMကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉နာရီတွင် အထက(၂) ပညာရတနာခန်းမဆောင်၌ ကျင်းပမည်ဖြစ်၍ အသက်(၆၀)ပြည့်ပြီး ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေများကို မအူပင်မြို့၌ ဦးကျင်ဝင်း ဖုန်း-၀၄၅-၃၀၆၂၄၊ ဦးကျော်အောင် ဖုန်း-၀၉-၈၅၈၅၈၅၈၊ ဦးနိုင်ဇော်လင်း ဖုန်း-၀၄၅-၃၀၃၉၄၊ ရန်ကုန်မြို့၌ ဦးစိုးသိန်း ဖုန်း-၀၉-၅၀-၃၆၅၆၂၊ ၀၉-၅၅၀၀၇၂၂၊ ၀၁-၆၃၉၄၅၅၊ လိုင်းခွဲ-၂၄၁၊ ဦးသန်းစိုး ဖုန်း-၀၁-၆၅၀၆၁၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ နေပြည်တော်မှ လိုက်ပါမည့်သူများအတွက် ဇန်နဝါရီ ၈ရက် ည ၉ နာရီတွင် မြို့မဈေး နန်းထိုက်စံ မော်တော်ယာဉ်ဖြင့် ကြိုပို့ပေးမည်ဖြစ်ပြီး အပြန်ခရီးစဉ်အတွက် ဇန်နဝါရီ ၁၀ရက် ည ၉နာရီ၌ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်သည်။ ရန်ကုန်မှလိုက်ပါမည့်သူများအတွက် နန်းထိုက်စံမော်တော်ယာဉ်ဖြင့် ဇန်နဝါရီ ၉ ရက် နံနက်၇နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြေးသွန်းဘုရားရှေ့မှ မအူပင်သို့ ပို့ဆောင်ပေးရန်စီစဉ်ထားပြီး အသွားအပြန်ခရီးစဉ်အားလုံးအတွက် ယာဉ်စီးခအခမဲ့ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မင်္ဂလာဒုံမြို့နယ် အမှတ်(၁၂)အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ရက်က ကျင်းပရာ မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်ထူးချွန်ဆုရစတုတ္ထတန်းမှ မောင်ပြည့်စုံကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသွယ်ဝင်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မင်္ဂလာဈေးမီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလေ့ကျင့်ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးကျော်လှက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၇၆)



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။

* RFA, DVB - သွေးထိုးနေသည်။

* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

* နားမယောင်လေနဲ့ သတိထား။

# ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၄

"နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့်အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး" ဟူသော အမျိုးသားရေးဦးတည်ချက်(၄)ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာကျင်းပသည့် ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ကျင်းပရာ ပြည်သူလူထု စုစုပေါင်းအင်အား ၃၀၀၀ကျော် တက်ရောက်ကြသည်။ *စာမျက်နှာ ၅ ကော်လံ ၃* ■



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဖတ်ကြားစဉ်။ (သတင်းစဉ်)


မြန်မာ့အလင်း (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု

❖ ထိန်းသိမ်းအပ်ပေ ဘိုးဘွားအမွေ — မောင်မောင်မိုးအောင်၏ ဆောင်းပါး စာမျက်နှာ-၆၊ ၇

❖ ဘိုးဘွားအမွေ အမြဲတေ — သောင်းကိုကို၏ ကဗျာ စာ - ၇

❖ တည်ငြိမ်အေးချမ်းမှ.... — စိုးမင်း(ပန်းဘဲတန်း)၏ ကာတွန်း စာ - ၇